

UNDP

# မြန်မာနိုင်ငံအတွင်း လူနေမှုဘဝအပေါ် ပူးတွဲကျရောက်နေသော ကပ်ဘေးနှစ်ခု၏ အကျိုးသက်ရောက်မှု

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ

# မာတိကာ


၃ အစီရင်ခံစာမှ ပေးလိုသော အဓိကသတင်းစကား

၄ အစီရင်ခံစာ၏ အနှစ်ချုပ်

၅ ၀၁ – နောက်ခံအကြောင်းအရာနှင့် ရည်ရွယ်ချက်များ

၆ ၀၂ – အသုံးပြုသည့် နည်းစနစ်နှင့် ယူဆချက်များ

၉ ၀၃ – လေ့လာဆန်းစစ်မှု ရလဒ်များ

၁၆ ၀၄ – မြင့်တက်လာသော ဆင်းရဲနွမ်းပါးမှု၏ လူသားအရင်းအနှီးအပေါ် သက်ရောက်နိုင်ခြေနှင့် သက်ရောက်ပုံနည်းလမ်းများ

၂၁ ၀၅ – သုံးသပ်ချက်များ

၂၃ ၀၆ – နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်း


Cover photo © Art Wolfe / Offset.com

# အစီရင်ခံစာမှ ပေးလိုသော အဓိကသတင်းစကား

- ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီက နိုင်ငံတွင် မကြုံစဖူးရရှိထားသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ပျက်စီးဆုံးရှုံးကာ ဆင်းရဲနွမ်းပါးသူရာခိုင်နှုန်း (poverty headcount) သည် ၂၀၀၅ ခုနှစ်မှစ၍ မတွေ့မမြင်ခဲ့ဖူးသည့် အခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိသွားနိုင်ခြေရှိနေပါသည်။

- အလားတူပင် ဆင်းရဲနွမ်းပါးမှု၏ နက်ရှိုင်းမှုအတိုင်းအတာသည်လည်း ၂၀၀၅ ခုနှစ်မှစ၍ မတွေ့မမြင်ခဲ့ဖူးသည့် အခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိသွားမည်ဖြစ်ပါသည်။ ရိုးရိုးရှင်းရှင်း ဆိုရလျှင် အသစ်တိုးလာသည့် ဆင်းရဲနွမ်းပါးသူများကို ဆင်းရဲနွမ်းပါးမှုမျဉ်း၏ အထက်သို့ ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်ပေးနိုင်ဖို့ဆိုလျှင် အလွန်များပြားသော ငွေကြေးပမာဏ (ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီကရှိခဲ့သည့် နိုင်ငံ GDP ၏ ၄.၅%) လိုအပ်မည်ဖြစ်သည်။ ကိုဗစ်-၁၉ မတိုင်မီက လူမှုရေးထောက်ပံ့ငွေများအတွက် သုံးစွဲသည့်ပမာဏသည် GDP ၏ တစ်ရာခိုင်နှုန်းအောက်သာရှိသဖြင့် ထပ်ဆောင်းသုံးစွဲရမည် ငွေကြေးပမာဏသည် အလွန်ကြီးမားသည်ဟု ဆိုရမည်ဖြစ်ပါသည်။

- ကလေးသူငယ်ဆင်းရဲနွမ်းပါးမှုအပြင် မြို့ပြဆင်းရဲနွမ်းပါးမှုသည်လည်း သုံးဆတိုးလာဖွယ်ရှိပြီး ယင်းသည် မြို့ပြဒေသများ၏ လုံခြုံရေးအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။

- ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှု မတိုင်မီက အဆင်းရဲအနွမ်းပါးဆုံး ပြည်နယ်/တိုင်းဒေသကြီးများသည် ဆင်းရဲမြဲဆင်းရဲနေဦးမည်ဖြစ်ပါသည်။

> မြင့်တက်လာသော ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် လုံခြုံမှု မရှိခြင်းများက အာဟာရ၊ ကျန်းမာရေးနှင့် ပညာရေးတို့အား လက်လှမ်းမီမှုအပေါ် သက်ရောက်မှုရှိမည်ဟု ခန့်မှန်းရပြီး ယင်းသည် နောင်မျိုးဆက်၏ လူသားအရင်းအနှီးကို ထိခိုက်စေမည်ဖြစ်ပါသည်။

# အစီရင်ခံစာ၏ အနှစ်ချုပ်

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျရောက်လာသော စီးပွားရေးအကျပ်အတည်းမှ အမြန်ဆုံး ပြန်လည်ထူထောင်ရေး မြန်မာနိုင်ငံ၏ မျှော်လင့်ချက်များသည် ၂၀၂၁ ခုနှစ် အစောပိုင်းတွင် ပျက်သုဉ်းသွားခဲ့ရပါသည်။ ဖေဖော်ဝါရီ (၁) ရက်နေ့တွင် မြန်မာစစ်တပ်သည် နိုင်ငံတော်အာဏာကို သိမ်းယူခဲ့ပြီး မြန်မာ့လူမှုအဖွဲ့အစည်းနှင့် မြန်မာ့စီးပွားရေး၏ အဓိကဒေါက်တိုင်များကို ထိန်းချုပ်ခဲ့ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်နေစဉ် စစ်အာဏာသိမ်းခဲ့သည့်အတွက် ဖြစ်ပေါ်လာသည့် အကျပ်အတည်းနှစ်ခု ပေါင်းစပ်သက်ရောက်မှု၏ အကျိုးရလဒ်များကို တစ်နိုင်ငံလုံး ထိခိုက်ခံစားနေကြရဆဲဖြစ်ပြီး ဆန်းစစ်လေ့လာသူများက နိုင်ငံ၏ နှစ်စဉ်စီးပွားရေးသည် ၁၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားမည်ဟု ခန့်မှန်းထားပါသည်။ အလားတူပင် ကနဦးအထောက်အထားများအား ဆန်းစစ်လေ့လာချက်အရ ၂၀၂၂ ခုနှစ် အစောပိုင်းတွင် နိုင်ငံလူဦးရေ၏ ထက်ဝက်သည် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်သို့ ရောက်ရှိသွားလိမ့်မည်ဟု UNDP မှ သတိပေးထားပါသည်။

ဤသို့သော နောက်ခံအခြေအနေများတွင် ယခုမူဝါဒစာတမ်းတိုသည် အကျပ်အတည်းနှစ်ခုပေါင်းစပ်၍ ဆင်းရဲနွမ်းပါးမှုအခြေအနေအပေါ် သက်ရောက်မှုနှင့်စပ်လျဉ်းသော ကနဦးတွေ့ရှိချက်များအပေါ် နောက်ဆုံးရအချက်အလက်များဖြင့် ထပ်မံဖြည့်စွက်ဆန်းစစ်တင်ပြပေးထားပါသည်။ ၂၀၂၁ ခုနှစ်၊ မေ-ဇွန်လအတွင်း ကောက်ယူခဲ့သည့် မူရင်းအချက်အလက်များ (primary data) ပေါ်တွင် အားပြုထားသော ဤတင်ပြချက်များသည် ကနဦးအစီရင်ခံစာမှ တွေ့ရှိချက်များအား ပိုမိုခိုင်မာအားကောင်းစေခဲ့ပါသည်။ နောက်ဆုံးရအချက်အလက်များအပေါ်အခြေခံသည့် ယခုဆန်းစစ်လေ့လာချက်မှ ရလဒ်များအရ ဆင်းရဲနွမ်းပါးမှုနှုန်းများသည် (မြန်မာနိုင်ငံရှိ လူမှုဘဝဖူလုံပြည်စုံမှု အခြေအနေကို နောက်ဆုံးတိုင်းတာခဲ့သည့် ၂၀၁၇ ခုနှစ်ကနှုန်းများနှင့် နှိုင်းယှဉ်လျှင်) ၂၀ ရာခိုင်နှုန်း မြင့်တက်သွားနိုင်ကြောင်း တွေ့ရှိရပါသည်။ တစ်နည်းဆိုသော် နိုင်ငံလူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် ၂၀၂၂ ခုနှစ် အစောပိုင်းတွင် နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ ထို့ကြောင့် ရှေ့ပိုင်းတွင် ထုတ်ဝေခဲ့သည့် အစီရင်ခံစာထဲမှ အဆိုးဆုံးကိုမျှော်မှန်း၍ ခန့်မှန်းတွက်ချက်ခဲ့သည့် ဖြစ်နိုင်ခြေများ (pessimistic scenario projections) ကို ထပ်လောင်းအတည်ပြုပေးနေပါသည်။ ဤမူဝါဒစာတမ်းတိုအတွက် ထပ်ဆောင်းလုပ်ဆောင်ခဲ့သော ဆန်းစစ်လေ့လာမှုများအရ အခြားသော ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ညွှန်ကိန်းများဖြစ်သည့် အလွန်အမင်းဆင်းရဲနွမ်းပါးမှု (extreme poverty) နှင့် ဆင်းရဲနွမ်းပါးမှုကွာဟချက် (poverty gap) တို့သည်လည်း သိသိသာသာ မြင့်မားလာမည်ဖြစ်ပြီး လွန်ခဲ့သော ဆယ်စုနှစ်နှစ်စုအတွင်းက ရရှိထားသည့် ဖွံ့ဖြိုးတိုးတက်မှုများ ဆုံးရှုံးပျက်ပြယ်သွားတော့မည်ဖြစ်သည်။

အမျိုးအစားအုပ်စုအလိုက် အချက်အလက်များကို ခွဲခြားစုဆောင်း၍ ဆန်းစစ်လေ့လာသောအခါတွင် မြို့ပြဆင်းရဲနွမ်းပါးမှုနှုန်းသည် သုံးဆတိုးလာနိုင်ပြီး ကျေးလက်ဆင်းရဲနွမ်းပါးမှုနှုန်းသည်လည်း ထပ်မံမြင့်မားလာဦးမည်ဖြစ်သည်။ ဤအခြေအနေ၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ရန်ကုန်နှင့် မန္တလေးကဲ့သို့ မြို့ပြပိုဆန်သော ပြည်နယ်/တိုင်းဒေသကြီးများတွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် တဟုန်ထိုးမြင့်တက်လာလိမ့်မည်ဟု ခန့်မှန်းနိုင်ပါသည်။ မြန်မာနိုင်ငံ၏ အဆင်းရဲဆုံး၊ အနွမ်းပါးဆုံးဒေသများ (ချင်းနှင့် ရခိုင်) တွင်လည်း ဆင်းရဲနွမ်းပါးမှုသည် တိုးလာမည်ဟု ခန့်မှန်းရပါသည်။ ထိုဒေသများတွင် မှီတင်းနေထိုင်သူများ၏ သုံးပုံနှစ်ပုံကျော်သည် ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြပါသည်။

ဆင်းရဲနွမ်းပါးမှုနှုန်းများ မြင့်တက်လာမှုသည် မြန်မာနိုင်ငံရှိ အိမ်ထောင်စုအများအပြား၏ လက်ရှိ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ပိုမိုဆိုးရွားလာစေနိုင်သည့်အပြင် ရေရှည်တွင်လည်း အလွန်ကြီးမားပြင်းထန်သည့် သက်ရောက်မှုများလည်း ရှိလာမည်ဖြစ်သည်။ နိုင်ငံရှိ ကလေးသူငယ်များ၏ ထက်ဝက်ကျော်သည် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် နေထိုင်ရဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်ဖြစ်ရာ ဤစိုးရိမ်ဖွယ်ရာကောင်းပြီး နောက်မျိုးဆက်၏ လူသားအရင်းအနှီးကို ထိခိုက်စေနိုင်ပါသည်။ ဆင်းရဲနွမ်ပါးမှုသည် အာဟာရချို့တဲ့မှုများ၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်းနှင့် ဦးနှောက်စွမ်းရည်ထိခိုက်ခြင်းတို့ကို တိုးပွားလာစေခြင်းမှစ၍ ကျောင်းထွက်နှုန်းမြင့်မားစေခြင်းနှင့် ပညာရေးရလဒ်များ ဆိုးရွားစေခြင်းအထိ လူသားအရင်းအနှီးစုဆောင်းမှု အဆင့်များအားလုံးပေါ်တွင် သက်ရောက်မှု ရှိပါသည်။ နောက်ဆုံးတွင် လူသားအရင်းအနှီးနည်းပါးမှုသည် ကာလလတ်နှင့် ကာလရှည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေမည်ဖြစ်ပြီး အိမ်ထောင်စုပေါင်းမြောက်မြားစွာသည် ရှေ့လာမည့်နှစ်များတွင် ဆင်းရဲတွင်းထဲမှ လွတ်မြောက်နိုင်ဦးမည် မဟုတ်ပေ။

# နောက်ခံအကြောင်းအရာနှင့် ရည်ရွယ်ချက်များ ၀၁

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နှင့် ယင်းနောက်ပိုင်း ဖြစ်ပွားသော အဖြစ်အပျက်များသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ ကမ္ဘာကြီးနှင့် တဖြည်းဖြည်းချင်း ပြန်လည်ဆက်သွယ် တံခါးဖွင့်ပေးမှုများ၊ ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆီသို့ တစ်ဆင့်ချင်းချဉ်းကပ်မှုများနှင့်အတူ ဆယ်စုနှစ်နှင့်ချီ၍ ကြိုးပမ်းကာ ရရှိလာသည့် စီးပွားဖွံ့ဖြိုးတိုးတက်မှုများအပေါ် ပြင်းထန်သည့် ရိုက်ခတ်မှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။[၁] ပို၍အရေးကြီးသည့်အချက်မှာ (ကာကွယ်ဆေးများရရှိပြီး ထိုးနှံပေးနိုင်တော့မည် ဖြစ်၍) ကိုဗစ်-၁၉ ကပ်ရောဂါအားအနိုင်ယူနိုင်တော့မည် ဟူသည့် မျှော်လင့်ချက်များ မြင့်မားနေချိန်တွင် ကသောင်းကနင်း နိုင်ငံရေးအခြေအနေများ ဖြစ်ပွားပေါ်ပေါက်လာခဲ့ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဤသို့ အကျပ်အတည်းနှစ်ခု တစ်ပြိုင်နက်တည်း ကျရောက်နေသည့်အခြေအနေသည် မြန်မာပြည်သူများ၏ စီးပွားရေးလုပ်ဆောင်ချက်များနှင့် အသက်မွေးမှုလုပ်ငန်းများအပေါ် ကြီးမားစွာ ရိုက်ခတ်မှုရှိလိမ့်မည်ဟု ခန့်မှန်းခဲ့ပါသည်။ UNDP သည် ယခုနှစ်အစောပိုင်းတွင် နှစ်ထပ်ကွမ်း အကျပ်အတည်း၏ ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်မှုအား ခန့်မှန်းနိုင်ရန်အတွက် ကနဦးလေ့လာမှု တစ်ခု ပြုလုပ်ခဲ့ပါသည်။ ထိုလေ့လာမှုတွင် အဆိုးဆုံးကို မျှော်မှန်း၍ ခန့်မှန်းတွက်ချက်သည့် ဖြစ်နိုင်ခြေများ (pessimistic scenarios) အရ မြန်မာနိုင်ငံတွင် နောက်ဆုံးလုပ်ဆောင်ခဲ့သည့် လူမှုဘဝပြည့်စုံဖူလုံမှုအခြေအနေ ဆန်းစစ်လေ့လာချက်နှင့် နှိုင်းယှဉ်လျှင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် နှစ်ဆတိုးလာနိုင်သည်ဟု ခန့်မှန်းခဲ့ပါသည်။ တိတိကျကျဆိုရလျှင် ထိုအစီရင်ခံစာတွင် အဆိုးဆုံး ဖြစ်နိုင်ခြေအဖြစ် ၂၀၂၂ ခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်နီးပါးသည် နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်သို့ ရောက်ရှိနိုင်သည်ဟု တင်ပြထားပါသည်။

ဤသို့သော အခြေအနေများကို နောက်ခံပြု၍ ဤမူဝါဒစာတမ်းတိုအား ရည်ရွယ်ချက်နှစ်ခုဖြင့် ရေးသားပြုစုခဲ့ပါသည် – (၁) ပထမရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုနှုန်းများအပေါ် (ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှု) နှစ်ခုပေါင်း၍ ပိုမိုဆိုးရွားပြင်းထန်လာသော အကျပ်အတည်း၏ သက်ရောက်မှုကို လေ့လာဆန်းစစ်ခဲ့သည့် အစောပိုင်းက လေ့လာမှုအား နောက်ဆုံးရအချက်အလက်များဖြင့် ထပ်မံဖြည့်စွက်ဆန်းစစ်ရန် ဖြစ်သည်။ ထိုအတွက် အသစ်စုဆောင်းရရှိသောအချက်အလက်များပေါ်တွင် အခြေခံ၍ ဆန်းစစ်ခဲ့ရာ အစောပိုင်းဆန်းစစ်လေ့လာမှုမှ တွေ့ရှိချက်များအား ပိုမိုခိုင်လုံမှု ရရှိစေခဲ့ပါသည်။ (၂) ဒုတိယရည်ရွယ်ချက်မှာ မြင့်တက်လာသော ဆင်းရဲနွမ်းပါးမှုနှုန်းများကြောင့် ကျန်းမာရေးနှင့် ပညာရေးအား လက်လှမ်းမီမှုအပေါ် သက်ရောက်နိုင်ခြေများနှင့် ကာလလတ်နှင့် ကာလရှည်တွင် လူသားအရင်းအနှီးအပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်အကဲဖြတ်ရန် ဖြစ်ပါသည်။

> “အဆိုးဆုံးဖြစ်နိုင်ခြေ ခန့်မှန်းချက်အရ ၂၀၂၂ ခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံ **လူဦးရေ၏ ထက်ဝက်နီးပါး**သည် နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်သို့ ရောက်ရှိသွားနိုင်ပါသည်။”

၁ https://www.asia-pacific.undp.org/content/rbap/en/home/library/democratic_governance/covid-19-coup-d-etat-and-poverty-impact-on-myanmar.html

၂ https://www.independent.co.uk/news/un-report-says-myanmar-poverty-could-double-from-coup-chaos-myanmar-bangkok-aung-san-suu-kyi-zoom-atms-b1840041.html

၃ https://www.asia-pacific.undp.org/content/rbap/en/home/library/democratic_governance/covid-19-coup-d-etat-and-poverty-impact-on-myanmar.html

၄ မြန်မာနိုင်ငံရှိ နိုင်ငံအဆင့်ဆင်းရဲနွမ်းပါးမှုမျဉ်းသည် တစ်ရက်လျှင် ၁၅၉၀ ကျပ် (တစ်ရက်လျှင် အမေရိကန်ဒေါ် ၁.၁၇ ခန့်) ဖြစ်ပါသည်။

၅ ဤဆန်းစစ်လေ့လာမှု၏ အချိန်ကာလသည် ၂၀၂၀ ခုနှစ်မှ ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းအထိဖြစ်ပြီး ကိုဗစ်-၁၉ ကပ် ရောဂါ ပထမလှိုင်းနှင့် ဒုတိယလှိုင်း၏ သက်ရောက်မှုများနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့က ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှုနှင့် ဆက်နွှယ်သော ဖြစ်ရပ်များ၏ ပေါင်းစပ်သက်ရောက်မှုတို့ကို ထည့်သွင်းစဉ်းစားထားပါသည်။

# အသုံးပြုသည့် နည်းစနစ်နှင့် ယူဆချက်များ

၀၂

အကျပ်အတည်းနှစ်ခု တစ်ပြိုင်တည်းကျရောက်ခြင်းကြောင့် မြန်မာနိုင်ငံရှိဆင်းရဲနွမ်းပါးမှုနှုန်းများအပေါ် အကျိုးသက်ရောက်မှုအား ခန့်မှန်းသိရှိနိုင်ရန်အတွက် ထိုအကျပ်အတည်းများ မတိုင်မီနှင့် အကျပ်အတည်းကာလအတွင်း စုဆောင်းထားသော ရရှိနိုင်သမျှ စစ်တမ်းအချက်အလက်များကို ရယူအသုံးပြုသည့် နည်းလမ်း (‘bottom-up’ approach) တစ်ခုအပေါ် အားပြုဆောင်ရွက်ခဲ့ပါသည်။ ဤဆန်းစစ်လေ့လာမှုတွင် အောက်ပါစစ်တမ်းများမှ ရလဒ်များကို အားကိုးအားထားပြုခဲ့ပါသည် – မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း(၂၀၁၇)နှင့် ကိုဗစ်–၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများအား ခန့်မှန်းဆန်းစစ်သည့် ထိခိုက်လွယ်သော အိမ်ထောင်စုများအား လေ့လာမှုစစ်တမ်း (၂၀၂၀) တို့ဖြစ်ပါသည်။ ထို့အပြင် အထက်ဖော်ပြပါ အချက်အလက်များအား ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း (၂၀၂၁ ခုနှစ် မေ–ဇွန်လ)နှင့်လည်း ပေါင်းစပ်ကာ ကိုဗစ်–၁၉ ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှုတို့၏ ပေါင်းစပ်သက်ရောက်မှုအား လေ့လာဆန်းစစ်ခဲ့ပါသည်။ ဤစာတမ်းတွင် စစ်အာဏာသိမ်းမှုနှင့် ဆက်နွယ်ဖြစ်ပွားလာသည့် စီးပွားရေးအကျပ်အတည်း၏ သက်ရောက်မှုအတွက် အစောပိုင်းက ပြုလုပ်ခဲ့သည့် လေ့လာဆန်းစစ်မှုမှ ယူဆချက် (assumption)များနှင့် ကွဲပြားသည့် ယူဆချက်အသစ်များကို အသုံးပြုထားကြောင်း သတိပြုစေလိုပါသည်။[၆] သို့သော် ကနဦးဖြစ်ပွားခဲ့သည့် ကိုဗစ်–၁၉ လှိုင်းများ၏ လူမှုဘဝဖူလုံ ပြည့်စုံမှုအပေါ် သက်ရောက်မှုဆိုင်ရာ ယူဆချက်များမှာမူ အပြောင်းအလဲမရှိပါ (UNDP, 2021 ကို ကြည့်ပါ)။[၇] တစ်နည်းဆိုသော် ဤစာတမ်းတွင် ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်းဖြစ်ရပ်များနှင့် ၎င်းတို့၏စီးပွားရေးလုပ်ဆောင်မှုများအပေါ် သက်ရောက်မှုအပြင် လူမှုဘဝ ဖူလုံပြည့်စုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအပေါ် သက်ရောက်မှုများကို အဓိကထားလေ့လာဆန်းစစ်ထားပါသည် (လေ့လာဆန်းစစ်မှု၏ ပိုမိုအသေးစိတ်သော အချက်အလက်များကို နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်းတွင် ဖတ်ရှုနိုင်ပါသည်)။

ဤလေ့လာဆန်းစစ်မှုသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ လေ့လာဆန်းစစ်ထားသော မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (MLCS) ပေါ်တွင် အခြေပြုထားပါသည်။ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဝင်ငွေကျဆင်းမှုများကို ခန့်မှန်းရန် အသုံးပြုသည့် ယူဆချက် အနည်းငယ်အတွက်မူ ထိခိုက်လွယ်သော အိမ်ထောင်စုများလေ့လာမှုစစ်တမ်း (HVS 2020) မှ တွေ့ရှိချက်များကို ရယူထားပါသည် (ပိုမိုအသေးစိတ်သော အချက်အလက်များကို နည်းပညာဆိုင်ရာနောက်ဆက်တွဲစာတမ်းတွင် ဖတ်ရှုနိုင်ပါသည်)။ ဝင်ငွေကျဆင်းမှု၏ ဆင်းရဲနွမ်းပါးမှု/ လူမှုဘဝဖူလုံ ပြည့်စုံမှုအပေါ် သက်ရောက်မှုအား ဆန်းစစ်သည့်နေရာတွင် အကျပ်အတည်း၏ သဘာဝ(ဖြစ်ပွားသည့်ကာလ၊ ပြင်းထန်မှု) ကသာ အရေးကြီးသည် မဟုတ်ဘဲ လူများ၏ အကျပ်အတည်းအား ရင်ဆိုင်ကျော်လွှားပုံကလည်း အရေးကြီးပါသည်။ ကိုဗစ်–၁၉ ကပ်ရောဂါတွင် ဖြစ်ပေါ်လာသည့် အကျပ်အတည်း၏ သဘာဝသည် ယာယီမျှသာဖြစ်မည်ဟု ယူဆနိုင်ပါသည် (HVS 2020 စစ်တမ်းတွင် ဖြေဆိုသူများ အသုံးပြုသည့် အကျပ်အတည်း ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများကို ကြည့်လျှင် ဤအချက်သည် အတိုင်းအတာတစ်ခုအထိ ထင်ရှားပေါ်လွင်နေပါသည်)။ တစ်နည်းအားဖြင့်ဆိုသော် အိမ်ထောင်စုများသည် စုဆောင်းငွေများ အသုံးပြုခြင်းသို့မဟုတ် မိတ်ဆွေ/မိသားစုများထံမှ ငွေချေးခြင်းနည်းလမ်းများ အသုံးပြု၍ ၎င်းတို့၏ စားသုံးမှုကို လျှော့ချရန်မလိုဘဲ ဟန်မပျက် ထိန်းသိမ်းစားသောက်နိုင်သည်ဟု ယူဆ၍ ရပါသည်။ ထို့ကြောင့် ကပ်ဘေးများနှင့် ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများဆိုင်ရာ သုတေသနစာအုပ်စာတမ်းများပေါ် အခြေခံ၍ ဝင်ငွေအကျပ်အတည်းသည် မည်သည့်အတိုင်းအတာအထိ စားသုံးမှုကို လျှော့ကျစေမည်ဆိုသည်ကို ခန့်မှန်းတွက်ဆခဲ့ပါသည် (သုတေသနစာအုပ်စာတမ်းများအား လေ့လာသုံးသပ်မှုမှ ရလဒ်များ အပါအဝင် ဤလေ့လာဆန်းစစ်မှု၏ အသေးစိတ်အချက်အလက် အပြည့်အစုံအား နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်းတွင် ဖတ်ရှုနိုင်ပါသည်)။

တစ်ဖန် (ကိုဗစ်–၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို ထည့်သွင်းစဉ်းစား၍) အသစ်တွက်ချက်ရရှိ ထားသော စုစုပေါင်း ဝင်ငွေ (income aggregate) နှင့် စုစုပေါင်းစားသုံးမှု (consumption aggregate) တို့သည် ဒုတိယကပ်ဘေး (စစ်အာဏာသိမ်းမှု)၏ ဝင်ငွေနှင့် စားသုံးမှုအပေါ် သက်ရောက်မှုအား နှိုင်းယှဉ်တွက်ချက်ရန်အတွက် အခြေခံအချက်အလက်များ (baseline) ဖြစ်လာပါသည်။ ယခင်က ပြုလုပ်ခဲ့သည့် ဆန်းစစ်လေ့လာမှုတွင် အသုံးပြုသော နည်းစနစ် (UNDP, 2021 ကို ကြည့်ပါ) အပေါ် အခြေခံ၍ ပြည်သူ့အခြေခံ လိုအပ်ချက်စစ်တမ်း (၂၀၂၁) မှ

---

၆ ရှေ့ပိုင်းတွင် ထုတ်ဝေခဲ့သော အစီရင်ခံမှ ယူဆချက်များ (assumptions) သည် စစ်အာဏာသိမ်းပြီး အစောပိုင်းရက်များတွင် စုဆောင်းရရှိသည့် လူတို့၏ပြောကြားချက်များမှ ရရှိသည့် အထောက်အထားများပေါ်တွင်သာ လုံးလုံးလျားလျား အခြေခံထားခြင်း ဖြစ်ပါသည်။

၇ ထို့ပြင် ယခုအစီရင်ခံစာကို ရေးသားနေချိန်တွင် ကိုဗစ်–၁၉ တတိယလှိုင်းသည် ပြင်းထန်စွာ ရိုက်ခတ်နေပြီး ယင်းကြောင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများသည် ပို၍ ဆိုးရွားလာနိုင်ခြေရှိနေပါသည်။

ရလဒ်များကို အသုံးပြုကာ စစ်အာဏာသိမ်းမှု၏ ရလဒ်ကြောင့် ဖြစ်ပေါ်လာသော ဝင်ငွေဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ အောက်ပါ ယူဆချက် (assumption) များကို အသုံးပြုထားပါသည် –

(၁) **လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေသည် (၅၀) ရာခိုင်နှုန်း လျော့နည်းသွားသည်။** အမှန်စင်စစ် ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းမှ အချက်အလက်များအရ ထိုစီးပွားရေးလုပ်ငန်းများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ပွားပေါ်ပေါက်လာသည့် ဖြစ်ရပ်များကြောင့် ပြင်းထန်စွာ ထိခိုက်ခဲ့ရသော စီးပွားရေးလုပ်ဆောင်မှုတစ်ခု ဖြစ်သည်။ ဤယူဆချက်အား ထိုအချိန်နောက်ပိုင်း ထပ်မံရရှိသော အချက်အလက်များက ထောက်ခံပံ့ပိုးပေးပါသည်။ မကြာမီက ထုတ်ပြန်ခဲ့သော ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်စောင်တွင် လက်လီကုန်သွယ်ရောင်းဝယ်မှုများ (အသေးစားမိသားစုပိုင် စီးပွားရေးလုပ်ငန်းအများစုပါဝင်) သည် သွားရေးလာရေး ခက်ခဲခြင်းနှင့် ဝယ်လိုအားလျော့ကျခြင်း၊ အဓိကစီးပွားရေးလုပ်ငန်းဝန်ဆောင်မှုများ ပြတ်တောက်သွားခြင်း၊ ဆန္ဒပြပွဲများနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကြောင့် အထူးပင် ထိခိုက်ခဲ့ရသည်ဟု ဆိုပါသည်။[၈] အင်တာနက်ကို အားထားလုပ်ကိုင်နေသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအပေါ် ထပ်မံကျရောက်သည့် ကြီးမားသော ရိုက်ခတ်မှုမှာ အင်တာနက်ဝန်ဆောင်မှုများ ပြတ်တောက်ခြင်းပင် ဖြစ်ပါသည်။

(၂) **လုပ်ခလစာများသည် ၂၅ ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားသည်။** လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများမှ ရရှိသည့်ဝင်ငွေထက် အနည်းငယ်ပိုနည်းသည့် လုပ်ခလစာအဖြစ် ရရှိသောဝင်ငွေနှင့်စပ်လျဉ်းသော ဤယူဆချက်ကို အသုံးပြုရခြင်း အကြောင်းရင်းနှစ်ခု ရှိပါသည်။ ပထမတစ်ခုမှာ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းတွင် တွေ့ရှိရသည့်အတိုင်း လခစားအလုပ်မှ ရရှိသောဝင်ငွေသည် အရေးအကြီးဆုံး ဝင်ငွေရင်းမြစ်တစ်ခုအဖြစ် ရှိနေသောကြောင့်ဖြစ်သည် (စစ်တမ်းဖြေဆိုသူများ၏ ၅၂.၈ ရာခိုင်နှုန်းခန့်က ဤသည်ကို ၎င်းတို့အိမ်ထောင်စု၏ အဓိကဝင်ငွေရင်းမြစ်အဖြစ် ဖြေကြားကြပါသည်)။ ထို့အပြင် ဖြေဆိုသူများ၏ ၄၂ ရာခိုင်နှုန်းက အိမ်ထောင်စုဝင်ငွေ ကျဆင်းရခြင်းသည် အိမ်ထောင်စုစီးပွားရေးလုပ်ငန်းမှ ရငွေများ လျော့နည်းသွားခြင်းကြောင့် ဖြေဆိုကြသော်လည်း အလုပ်အကိုင် ဆုံးရှုံးခြင်းကြောင့် ဝင်ငွေကျဆင်းသည်ဟု ဖြေဆိုသူသည် ၁၅ ရာခိုင်နှုန်းမှသာ ရှိပြီး ၁၃ ရာခိုင်နှုန်းက ဝင်ငွေဆုံးရှုံးရခြင်းသည် လုပ်ခလစာ လျော့နည်းသွားခြင်းကြောင့်ဟု ဖြေဆိုပါသည်။ ဒုတိယအကြောင်းရင်းမှာ ကမ္ဘာ့ဘဏ်မှ မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်စောင်တွင် ကုန်ထုတ်လုပ်မှုကဏ္ဍမှ လုပ်သားများသည် ဧပြီလနောက်ပိုင်းတွင် စက်ရုံများတွင် လုပ်ငန်းခွင် ပြန်ဝင်နေကြပြီဖြစ်ပြီး အမှာစာအသစ်များလည်း တိုးမြင့်ရောက်ရှိလာသည်ဟုဆိုထားသဖြင့် အထက်ပါတွေ့ရှိချက်အား ပို၍ ခိုင်လုံစေသောကြောင့် ဖြစ်ပါသည်။

(၃) **စိုက်ပျိုးရေးလုပ်ငန်းများမှ ရရှိသော ဝင်ငွေသည် ၂၅ ရာခိုင်နှုန်း လျော့နည်းသွားသည်ဟု ယူဆပါသည်။** ဤသို့ယူဆရခြင်း၏ အကြောင်းရင်းမှာ နှစ်ခုရှိပါသည်။ ပထမတစ်ခုမှာ ဖြေဆိုသူများ၏ ၂၁ ရာခိုင်နှုန်းနီးပါးက အိမ်ထောင်စုဝင်ငွေ ဆုံးရှုံးရခြင်းသည် အိမ်ထောင်စုပိုင် လယ်ယာလုပ်ငန်းမှ ရငွေများ လျော့နည်းသွားသောကြောင့်ဟု ဖြေဆိုခဲ့သောကြောင့်ဖြစ်သည်။ ထို့မှုမက ယခင်ဆောင်ရွက်ထားသော သုတေသနလေ့လာမှုများအရ တောင်သူများသည် အောက်ပါအချက်များကြောင့် ထိခိုက်နစ်နာနေရသည်ဟု သိရှိရပါသည် – (၁) အချို့စိုက်ပျိုးထုတ်ကုန်များ (အထူးသဖြင့် ခရမ်းချဉ်သီးများနှင့် ကြက်သွန်များကဲ့သို့ ပုပ်သိုးလွယ်သောထုတ်ကုန်များ) အား ရောင်းချရာတွင် ဈေးမရသဖြင့် ဝင်ငွေကျဆင်းခြင်း၊ (၂) ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးကိရိယာများကဲ့သို့သော သွင်းအားစုများ ဈေးနှုန်းမြင့်တက်ခြင်းနှင့် ၎င်းတို့အသားတင်ဝယ်ယူစားသုံးရသော စားသောက်ကုန်များ (အချို့ဒေသများတွင် စားသုံးဆီနှင့် ဆန်) ဈေးနှုန်းမြင့်တက်ခြင်းတို့ဖြစ်ပါသည်။[၉] ဝင်ငွေလျော့နည်းမှုနှင့် ကုန်ကျစရိတ်ကြီးမြင့်လာမှုတို့သည် ငွေရေးကြေးရေး အကျပ်အတည်း၊ ထုတ်ကုန်ဈေးကွက်မရရှိမှုများနှင့် ပေါင်းစပ်ကာ တောင်သူများ၏ ရင်းနှီးမြှုပ်နှံနိုင်စွမ်းနှင့် ရင်းနှီးမြှုပ်နှံလိုသော ဆန္ဒတို့အား လျော့နည်းကျဆင်းစေပါသည်။

**၅၀%** လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေကျဆင်းမှု

**၂၅%** စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေကျဆင်းမှု

**၂၅%** လုပ်ခလစာများ လျော့နည်းမှု

**၁၀%** လွှဲပို့ငွေများနှင့် လူမှုရေးထောက်ပံ့ငွေများ လျော့နည်းသွားမှု

၈ World Bank MyanmarEconomicMonitorJuly2021.

၉ https://www.ifpri.org/news-release/monsoon-rice-crop-peril-farmers-hit-coup-turmoil-frontier-myanmar

(၄) နောက်ဆုံးယူဆချက်အဖြစ် ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း (၂၀၂၁) မှ အထောက်အထားများအရ **လွှဲပို့ငွေများနှင့် လူမှုရေးထောက်ပံ့ငွေများသည် ၁၀ ရာခိုင်နှုန်း ကျဆင်းသွားသည်**ဟု ယူဆပါသည်။ လွှဲပို့ငွေများအပေါ် သက်ရောက်မှုသည် ကြီးမားပြီး စက်မှုလက်မှုလုပ်ငန်းများ ကျဆင်းခြင်း၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုနှင့် ဘဏ်လုပ်ငန်းများ ရပ်တန့်မှုတို့ကြောင့် လွှဲပို့ငွေများလည်း ဆက်လက်ကျဆင်းဖွယ်ရာ ရှိပါသည်။[၁၀] လူမှုရေးထောက်ပံ့ငွေများသည်လည်း လက်ရှိဖြစ်ပွားနေသည့် ဘဏ္ဍာရေးစနစ်အခက်အခဲများကြောင့် အတိုင်းအတာတစ်ခုအထိ ထိခိုက်နိုင်ဖွယ်ရှိပါသည်။[၁၁]

အဆိုပါယူဆချက်များအရ (ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုအား ထည့်သွင်းစဉ်းစားပြီးသည့်နောက်) အခြေခံအချက်အလက်များ (baseline data) အား အသုံးပြုတွက်ချက်သောအခါ စစ်အာဏာသိမ်းမှုနှင့်ဆက်နွယ်၍ ဖြစ်ပေါ်လာသော စီပွားရေးအကျပ်အတည်းကြောင့် ဝင်ငွေကျဆင်းမှုသည် ၂၂.၃ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ ဤရာခိုင်နှုန်းသည် ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း (၂၀၂၁) တွင် တွေ့ရှိရသည့် ပျမ်းမျှဝင်ငွေကျဆင်းမှုအတိုင်းအတာနှင့် ကိုက်ညီမှုရှိပါသည်။[၁၂]

ဤသို့ အိမ်ထောင်စုဝင်ငွေ ထပ်မံကျဆင်းမှုသည် စားသုံးမှု လျော့ကျခြင်းအား အတိုင်းအတာတစ်ခုအထိ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုသည် အကြောင်းအချက်နှစ်ခုအပေါ်တွင် မူတည်နေပါသည်[၁၃] - (က) ပိုမိုဆိုးရွားပြင်းထန်လာသည့် အကျပ်အတည်း၏ အချိန်ကာလနှင့် (ခ) ပြင်းထန်မှုအတိုင်းအတာတို့ဖြစ်ပြီး နောက်ဆုံးအနေဖြင့် လူများ၏ ထိုအကျပ်အတည်းအား ရင်ဆိုင်ကျော်လွှားပုံတို့ပင် ဖြစ်ပါသည်။

> **အကျပ်အတည်းသည် ယာယီမျှသာ ဖြစ်လိမ့်မည်ဟု ယူဆခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် မတူသည့်အချက်မှာ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး အကျပ်အတည်းသည် အချိန်ကာလအားဖြင့် ပိုမိုရှည်ကြာပြီး အတိုင်းအတာအားဖြင့် ပိုမိုကြီးမားပြင်းထန်မည်ဟု ယူဆရပါသည်။**

အကျပ်အတည်းသည် ယာယီမျှသာ ဖြစ်လိမ့်မည်ဟုယူဆခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကွဲပြားစွာ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး အကျပ်အတည်း၏ သက်ရောက်မှုသည် အချိန်ကာလအားဖြင့် ပိုမိုကြာမြင့်ပြီး အတိုင်းအတာအားဖြင့် ပိုမိုပြင်းထန်လိမ့်မည်ဟု ယူဆရပါသည်။ ဤအခြေအနေသည် စီးပွားရေးလုပ်ဆောင်မှုများကို သိသိသာသာ နှေးကွေးစေပြီး ဝင်ငွေဖန်တီးမှုလုပ်ငန်းများကိုလည်း ပိုမိုကျဆင်းသွားစေမည် ဖြစ်သည်။ ပို၍အရေးကြီးသည့်အချက်မှာ ဤအခြေအနေမျိုးတွင် လူများအတွက် အကျပ်အတည်းအား ရင်ဆိုင်ကျော်လွှားရန် ပိုမိုခက်ခဲလာနိုင်ခြင်းဖြစ်သည် (အသေးစိတ်အား နည်းပညာဆိုင်ရာနောက်ဆက်တွဲစာတမ်းတွင် ဖတ်ရှုပါ)။ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း (၂၀၂၁) မှ ထွက်ပေါ်လာသော ရလဒ်များက ဤယူဆချက်အား ထပ်လောင်းအတည်ပြုပေးပါသည်။ ဥပမာ အိမ်ထောင်စုများ၏ သုံးပုံနှစ်ပုံကျော်သည် အစားအသောက် မဟုတ်သောပစ္စည်းများ သုံးစွဲမှုလျှော့ချခြင်းအား စတင်ပြုလုပ်နေကြပြီဖြစ်ပြီး နောက်ထပ် သုံးပုံတစ်ပုံသည် အကျပ်အတည်း ရင်ဆိုင်ကျော်လွှားမှု နည်းလမ်းအဖြစ် အစားလျှော့စားနေကြပြီဖြစ်သည်။ ထို့အပြင် လူအချို့သည် နေထိုင်မှုစရိတ်များ အလျှင်မီစေရန် စုဆောင်းငွေများ ထုတ်သုံးခြင်းနှင့် ချေးငွေယူခြင်းများကို လုပ်ဆောင်ခဲ့ကြသော်လည်း ဤနည်းလမ်းများကို အသုံးပြုမှုသည် လျော့နည်းလာပါသည် (ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းအရ)။ ထိုမျှသာမက စုဆောင်းငွေများ ထုတ်ယူသုံးစွဲနေသော အိမ်ထောင်စုများ၏ ၄၀ ရာခိုင်နှုန်းနီးပါးတွင် စုထားသောငွေများ ကုန်ခမ်းနေပြီဖြစ်သည်။ ထို့ကြောင့် စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုကို ခန့်မှန်းသောအခါတွင် ဝင်ငွေတစ်ယူနစ် လျော့ကျသွားမှုသည် စားသုံးမှု တစ်ယူနစ် လျော့ကျသွားစေမည်ဟု ယူဆပါသည်။ ဤယူဆချက်ပေါ်တွင် အခြေခံ၍ စားသုံးမှုစုစုပေါင်း (consumption aggregate) တန်ဖိုးအသစ်ကို ခန့်မှန်းတွက်ချက်ထားပါသည် (ပိုမိုအသေးစိတ်သော အချက်များကို နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်းတွင် ဖော်ပြပေးထားပါသည်)။

ကနဦးထုတ်ပြန်ထားသော အစီရင်ခံစာတွင် အသုံးပြုသည့် နည်းစနစ်ပိုင်းဆိုင်ရာ ချဉ်းကပ်ပုံ[၁၄]နှင့် အလားတူစွာ ဆင်းရဲနွမ်းပါးမှုနှုန်းများအား တွက်ချက်ရန်အတွက် နိုင်ငံအဆင့်ဆင်းရဲနွမ်းပါးမှုမျဉ်းနှင့် အသစ်တွက်ချက်ထားသော စားသုံးမှုစုစုပေါင်း (consumption aggregate) တန်ဖိုးတို့ကို အသုံးပြုခဲ့ပါသည်။ ထိုဆင်းရဲနွမ်းပါးမှုနှုန်းများတွင် ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှု နှစ်ခုပေါင်း၏ သက်ရောက်မှုအား ထည့်သွင်းစဉ်းစားထားပါသည် (ပိုမိုအသေးစိတ်သောအချက်များကို နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်းတွင် ဖော်ပြပေးထားပါသည်)။

၁၀ https://www.reuters.com/article/myanmar-migrant-economy-idUSL8N2KU0K9

၁၁ UNICEF နှင့် ဆွေးနွေးသောအခါ လက်ရှိ လူမှုကာကွယ်စောင့်ရှောက်မှုအစီအစဉ်များ (မိခင်နှင့် ၂ နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ခြင်းနှင့် လူမှုရေးပင်စင်) မှ ငွေကြေးထောက်ပံ့မှုများအား အရပ်သားအစိုးရကို ဖြုတ်ချလိုက်သည့်အချိန်မှစ၍ ရပ်နားထားကြောင်း သိရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန (DSW) မှ ဝန်ထမ်းအများစုသည် လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်နေကြသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါထောက်ပံ့ငွေများကိစ္စ လုပ်ဆောင်ရန် ခက်ခဲစေခဲ့သည်ဟု သိရပါသည်။

၁၂ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းအတွက် အချက်အလက်ကောက်ယူမှုများအား ၂၀၂၁ ခုနှစ် မေ/ဇွန်လတွင် ဆောင်ရွက်ခဲ့ပါသည်။

၁၃ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုမျဉ်းသည် စားသုံးမှုကို အခြေခံကြောင်း သတိပြုရန် အရေးကြီးပါသည်။

၁၄ https://www.asia-pacific.undp.org/content/rbap/en/home/library/democratic_governance/covid-19-coup-d-etat-and-poverty-impact-on-myanmar.html

# လေ့လာဆန်းစစ်မှု ရလဒ်များ

၀၃

## ဆင်းရဲနွမ်းပါးသူရာခိုင်နှုန်း

ဤလေ့လာဆန်းစစ်မှုမှ ထွက်ပေါ်လာသော ရလဒ်များကို ပုံ (၁) တွင် တင်ပြထားပါသည်။ ပုံတွင် အထင်အရှား တွေ့မြင်ရသည့်အတိုင်း ယခုလေ့လာဆန်းစစ်မှုအတွက် ပြင်ဆင်အသုံးပြုထားသော ယူဆချက်များအရ အခြေခံအချက်အလက်များ (baseline data) (MLCS, 2017) နှင့် နှိုင်းယှဉ်ကြည့်သောအခါ အကျပ်အတည်းနှစ်ခု (ကိုဗစ်–၁၉ နှင့် စစ်အာဏာသိမ်းမှု) ပေါင်းစပ်သက်ရောက်မှုသည် ဆင်းရဲနွမ်းပါးမှုနှုန်းအား ၂၀ ရာခိုင်နှုန်း မြင့်တက်လာစေပါသည်။[၁၅] အတိအကျဆိုရလျှင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၂၂ ခုနှစ် အစောပိုင်းတွင် ၄၆.၃ ရာခိုင်နှုန်းအထိ ရောက်ရှိသွားမည်ဟု ခန့်မှန်းထားပါသည်။ ဤနှုန်းသည် အဆိုးဆုံး ဖြစ်နိုင်ခြေ (pessimistic scenario) ပေါ်အခြေခံ တွက်ချက်ထားသည့် မူလ ခန့်မှန်းချက် (UNDP, 2021) ထက် အနည်းငယ်မျှ ပိုနည်းနေသော်လည်း များစွာကွာခြားမှု မရှိလှဘဲ နှစ်ရာခိုင်နှုန်းမျှသာ ပိုနည်းခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုသော် ပိုမိုတိကျသော အချက်အလက်များ အသုံးပြုထားသည့် ယခုဆန်းစစ်လေ့လာချက်သည် အစောပိုင်းက အကြမ်းဖျင်း ခန့်မှန်းထားသည့် ဆင်းရဲနွမ်းပါးမှုနှုန်း နှစ်ဆတိုးလာမည်ဟူသော ခန့်မှန်းချက်အား ထပ်လောင်း အတည်ပြုပေးခဲ့ပြီး ပိုမိုခိုင်မာစေခဲ့ပါသည်။[၁၆]

**ပုံ (၁)** စစ်အာဏာသိမ်းမှုကြောင့် ပိုမိုဆိုးရွားပြင်းထန်လာသည့် အကျပ်အတည်း၏ မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှုန်းအပေါ် သက်ရောက်မှု (ရာခိုင်နှုန်းဖြင့်)




ရည်ညွှန်းချက် – MLCS, 2017 နှင့် အစီရင်ခံစာရေးသားသူများ၏ ခန့်မှန်းတွက်ချက်မှုများ

၁၅ နောက်ခံအကြောင်းအရာများနှင့် ရလဒ်အပြည့်အစုံကို ကနဦးထုတ်ဝေထားသည့် အစီရင်ခံစာ (UNDP, 2021) တွင် လေ့လာဖတ်ရှုနိုင်ပါသည်။ ထို့အပြင် အဆိုပါရလဒ်များတွင် ကိုဗစ်–၁၉ ကပ်ရောဂါ၏ ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်မှု၏ အနိမ့်ဆုံးခန့်မှန်းတန်ဖိုး (lower bound) နှင့် အမြင့်ဆုံးခန့်မှန်းတန်ဖိုး (upper bound) နှစ်မျိုးစလုံး ပါဝင်ပါသည်။ တိုတိုတုတ်တုတ်နှင့် ရှင်းရှင်းလင်းလင်းဖြစ်စေရန်အတွက် ဤနေရာတွင် ကိုဗစ်–၁၉ ကပ်ရောဂါ သက်ရောက်မှု၏ အမြင့်ဆုံးခန့်မှန်းတန်ဖိုးကိုသာ ထည့်သွင်းဖော်ပြပေးထားပါသည်။ လက်တွေ့ဆန်းစစ်လေ့လာမှု၏ အသေးစိတ်အချက်အလက်များအား နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်းတွင် ဖတ်ရှုနိုင်ပါသည်။

၁၆ ထို့မျှမက ဤတွေ့ရှိချက်သည် World Bank (2021) မှ ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်များနှင့်လည်း နီးစပ်မှု ရှိပါသည်။ World Bank (2021) တွင် အကျပ်အတည်းနှစ်ခု (ကိုဗစ်–၁၉ ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှု) ၏ သက်ရောက်မှုကြောင့် ဆင်းရဲနွမ်းပါးမှုသည် နှစ်ဆတိုးလာမည်ဟုဆိုထားပါသည်။ သို့သော် ဆန်းစစ်လေ့လာရာတွင် အသုံးပြုသည့် နည်းစနစ်များတွင် ကွာခြားချက်များရှိပါသည်။ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်များသည် စားသုံးမှုစုစုပေါင်းတန်ဖိုး (consumption aggregate) အတွက် အစားထိုးကိန်းရှင် (proxy) အဖြစ် သုံးစွဲနိုင်သော ဝင်ငွေကို အသုံးပြုထားပါသည်။ ထို့အတူ ယခုဆန်းစစ်လေ့လာမှုတွင် အသုံးပြုထားသည့် ဝင်ငွေအမျိုးအစားများထက် စီးပွားရေးလုပ်ငန်းကဏ္ဍများ (ဥပမာ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး) ၏ ဝင်ငွေကျဆင်းမှုများကို အသုံးပြုထားပါသည်။

ကမ္ဘာ့ဘဏ်မှ မကြာသေးမီက ဆောင်ရွက်ခဲ့သည့် ဆန်းစစ်လေ့လာမှု၏ရလဒ်များကို တင်ပြထားသော မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာ၊ ၂၀၂၁ ခုနှစ် ဇူလိုင်လတွင်လည်း ဆင်းရဲနွမ်းပါးမှု နှစ်ဆတိုးလာမည်ဟူသည့် ခန့်မှန်းချက်ကို တွေ့ရှိရမည်ဖြစ်သည်။ *"မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးသည့် လူဦးရေ အချိုးအစားသည် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ၂၀၁၉ ခုနှစ်က ဆင်းရဲနွမ်းပါးသူ အချိုးအစားထက် နှစ်ဆကျော်တိုးလာဖွယ် ရှိသည်"* ဟု ထိုအစီရင်ခံစာထဲတွင်ဖော်ပြထားပါသည်။[၁၇]

နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းကို အသုံးပြုကာ ဆင်းရဲနွမ်းပါးမှုနှုန်းအား ဆန်းစစ်လေ့လာခဲ့သည့်အပြင် အလွန်အမင်း ဆင်းရဲနွမ်းပါးမှု (extreme poverty) အခြေအနေကိုလည်း ထည့်သွင်းဆန်းစစ်ခဲ့ပါသည်။ အဆိုပါဆန်းစစ်ချက်ကို အောက်ပါ လေးထောင့်ကွက် (၁) အတွင်းတွင် တင်ပြပေးထားပါသည်။

## လေးထောင့်ကွက် (၁) အလွန်အမင်းဆင်းရဲနွမ်းပါးခြင်း

**နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းသည် ၂၀၁၇ ခုနှစ် ပထမသုံးလပတ်ရှိ ကျပ်တန်ဖိုးဖြင့်ဆိုလျှင် ၁,၅၉၀ ကျပ် ရှိပါသည်။ နိုင်ငံတကာဆင်းရဲနွမ်းပါးမှုမျဉ်းသည် ၂၀၁၁ ခုနှစ် ဝယ်ယူနိုင်မှုစွမ်းအားအဆင့် (2011 PPP) အရ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် အမေရိကန်ဒေါ်လာ ၃.၆၀ ရှိပါသည်။** နိုင်ငံတကာဆင်းရဲနွမ်းပါးမှုမျဉ်းပေါ်တွင် အခြေခံ၍ တွက်ချက်လျှင် မြန်မာနိုင်ငံ လူဦးရေ၏ ၁၉.၃ ရာခိုင်နှုန်းသည် ထိုမျဉ်းအောက်သို့ ရောက်ရှိနေပြီး နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက် ရောက်ရှိနေသည့် ၂၄.၈ ရာခိုင်နှုန်းနှင့်လည်း များစွာနီးစပ်မှုရှိပါသည်။ (ပုံ ခ-၁)

**ပုံ (ခ-၁) နိုင်ငံအလိုက် နိုင်ငံတကာဆင်းရဲနွမ်းပါးမှုမျဉ်းအောက် ရောက်ရှိနေသော လူဦးရေရာခိုင်နှုန်းများ**




အလွန်အမင်းဆင်းရဲနွမ်းပါးမှုအား တွက်ချက်ရန်အတွက် နိုင်ငံတကာဆင်းရဲနွမ်းပါးမှုမျဉ်းဖြစ်သည့် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၁.၉၀ (2011 USD, PPP) ကို အသုံးပြုပါသည်။ MLCS 2017 မှ ရလဒ်များအရ မြန်မာနိုင်ငံ၏ အလွန်အမင်းဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂ ရာခိုင်နှုန်း ရှိပါသည် (ပုံ ခ-၁ နှင့် ခ-၂)။ နိုင်ငံများကြား ဆင်းရဲနွမ်းပါးမှုနှုန်းများကို နှိုင်းယှဉ်နိုင်ရန်အတွက် အောက်ပါတို့ လိုအပ်ပါသည် – (၁) ညှိနှိုင်းကိန်း (adjustment factor) တစ်ခုဖြစ်သည့် ဝယ်ယူနိုင်မှုစွမ်းအားအဆင့် (Purchasing Power Parity – PPP) ကို အသုံးပြု၍ နေထိုင်မှုစရိတ်များအား နှိုင်းယှဉ်နိုင်အောင် လုပ်ဆောင်ရပါသည်။ ဝင်ငွေအားလုံးကို နှိုင်းယှဉ်နိုင်အောင် လုပ်ဆောင်ပြီး ယူနစ်တစ်ခုတည်းဖြင့် ဖော်ပြခြင်း ဖြစ်သည် – (၂) နိုင်ငံတကာဆင်းရဲနွမ်းပါးမှုမျဉ်းတစ်ခုကိုလည်း သတ်မှတ်ရပါသည်။ ထိုမျဉ်းသည် နိုင်ငံများကြား နှိုင်းယှဉ်နိုင်သည့် သတ်မှတ်ချက်များအဖြစ် ပြောင်းလဲနိုင်ရမည်ဖြစ်ပါသည်။ (၂) အိမ်ထောင်စုအရွယ်အစားနှင့် ချိန်ညှိထားသည့် လူမှုဘဝပြည့်စုံဖူလုံမှု စုစုပေါင်းတန်ဖိုး (welfare aggregate) (ဝင်ငွေ သို့မဟုတ် စားသုံးမှု) တစ်ခု လိုအပ်ပါသည်။ တွက်ချက်မှုများအရ မြန်မာနိုင်ငံတွင် အလွန်အမင်းဆင်းရဲနွမ်းပါးမှုသည် ၂၀၂၂ ခုနှစ်တွင် ၁၃.၉ ရာခိုင်နှုန်းအထိ မြင့်တက်သွားမည်ဟု ခန့်မှန်းရပြီး ဆယ်ရာခိုင်နှုန်းကျော် မြင့်တက်သွားခြင်းပင် ဖြစ်ပါသည်။

၁၇ World Bank MyanmarEconomicMonitorJuly2021.

**ပုံ (ခ–၂) အမေရိကန်ဒေါ်လာ ၁.၉၀ (2011 PPP) ပေါ်တွင် အခြေခံတွက်ချက်သော အလွန်အမင်း ဆင်းရဲနွမ်းပါးမှု**




# ဆင်းရဲနွမ်းပါးမှုကွာဟချက် (Poverty Gap)

ဆင်းရဲနွမ်းပါးသူရာခိုင်နှုန်း (Poverty headcount) သည် ဆင်းရဲနွမ်းမှု၏ ရှုထောင့်တစ်ခုတည်းကိုသာ ဖော်ပြပေးနိုင်ပါသည်။ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအကျပ်အတည်းသည် လူမှုဘဝ ဖူလုံပြည့်စုံမှုပေါ် မည်သည့်အတိုင်းအတာအထိ သက်ရောက်နိုင်မည်ဆိုသည်ကို ပိုမိုနားလည် သိရှိနိုင်ရန်အတွက် ဆင်းရဲနွမ်းပါးမှုကွာဟချက်ကိုလည်း လေ့လာခဲ့ပါသည်။ ဆင်းရဲနွမ်းပါးမှုကွာဟချက်သည် ဆင်းရဲနွမ်းပါးမှု၏ အတိမ်အနက်ကို ဖော်ပြနိုင်ပြီး ယင်းသည် ဆင်းရဲနွမ်းပါးမှုမျဉ်းမှ ပျမ်းမျှအကွာအဝေးဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးခြင်းမရှိသူများသည် ထိုမျဉ်းမှ သုညအကွာအဝေးတွင် ရှိပါသည်။ စံနည်းစနစ်ကို အသုံးပြု၍ ခန့်မှန်းတွက်ချက်သောအခါတွင် ကိုဗစ်–၁၉ ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှု နှစ်ခုပေါင်း သက်ရောက်မှုကြောင့် ဆင်းရဲနွမ်းပါးမှုကွာဟချက်သည် ၁၈.၅ ရာခိုင်နှုန်းအထိ မြင့်တက်သွားနိုင်ပါသည်(ပုံ–၂)။ တစ်နည်းဆိုရသော် ဆင်းရဲနွမ်းပါးမှုနှင့် ယင်း၏ နက်ရှိုင်းမှုအတိုင်းအတာသည် ၂၀၀၅ ခုနှစ် နောက်ပိုင်းတွင် မမြင်တွေ့ရတော့သည့် အဆင့်များသို့ ပြန်လည်ရောက်ရှိ သွားတော့မည့်အခြေအနေ ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှုကွာဟချက်သည် နိုင်ငံလူဦးရေတစ်ခုလုံး၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ လိုငွေပြမှု (poverty deficit) ကို တိုင်းတာသည့် အတိုင်းအတာတစ်ခုဖြစ်သည်။ “ဆင်းရဲနွမ်းပါးမှုဆိုင်ရာလိုငွေပြမှု (poverty deficit)” ဟူသည့် အယူအဆတွင် ဆင်းရဲနွမ်းပါးသူများအားလုံးကို ဆင်းရဲတွင်းမှ ဆွဲတင်နိုင်ရန်အတွက် ဆင်းရဲနွမ်းပါးသူများကိုသာ သီးသန့်ရွေးချယ်၍ ငွေကြေးထောက်ပံ့ပေးနိုင်ရန် လိုအပ်မည့်အရင်းအမြစ်များကို ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။ ထို့ကြောင့်အသစ်တိုးလာသည့် ဆင်းရဲနွမ်းပါးသူများအား ဆင်းရဲနွမ်းပါးမှုမျဉ်း၏ အထက်သို့ ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်ပေးနိုင်ရန်အတွက်အရင်းအမြစ်မြောက်များစွာ လိုအပ်မည်ဖြစ်သည်။ ပုံ (၃) တွင် ပြသထားသည့်အတိုင်း ဆင်းရဲနွမ်းပါးသူများကိုသာ သီးသန့်ရွေးချယ်၍ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးရန်လိုအပ်မည့် စုစုပေါင်း အရင်းအမြစ်ပမာဏသည် GDP ၏ ၄.၅ ရာခိုင်နှုန်း ရှိမည်ဖြစ်သည်။ ဤပမာဏသည် ကိုဗစ်–၁၉ ကပ်ရောဂါ မတိုင်မီက လူမှုရေးကူညီထောက်ပံ့မှုများအတွက် အသုံးပြုသည့် ပမာဏထက် များစွာမြင့်မားနေပါသည်။[၁၈] ပကတိတန်ဖိုးအရ ဆိုလျှင် ဤပမာဏသည် အမေရိကန် ဒေါ်လာ ၃.၅ ဘီလျံရှိပြီး နိုင်ငံတကာ အလှူရှင်အသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအတွက် ၎င်းတို့၏ ကူညီပံ့ပိုးမှုများတွင် ထည့်သွင်းစဉ်းစားပေးရန် လိုအပ်သည့် အလွန်ကြီးမားသော ငွေကြေးပမာဏပင် ဖြစ်ပါသည်။

---

၁၈ စံနည်းစနစ်များကို အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုကွာဟချက်၊ ဆင်းရဲနွမ်းပါးမှုမျဉ်းနှင့် နိုင်ငံ၏ စုစုပေါင်းလူဦးရေတို့ကို မြှောက်ခြင်းဖြင့် လိုအပ်သည့် စုစုပေါင်းအရင်းအမြစ် ပမာဏအား တွက်ချက်ရရှိပါသည်။

## ပုံ (၂) မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကွာဟချက်အပေါ် ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှုတို့ ပေါင်းစပ်သက်ရောက်မှု (ရာခိုင်နှုန်းဖြင့်)




ရည်ညွှန်းချက် – MLCS, 2017 နှင့် အစီရင်ခံစာရေးသားသူများ၏ ခန့်မှန်းတွက်ချက်မှုများ

## ပုံ (၃) လူမှုရေးကူညီထောက်ပံ့မှုများအတွက် အသုံးစရိတ် (ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီ) နှင့် အသစ်တိုးလာသော ဆင်းရဲနွမ်းပါးသူများအား ဆင်းရဲနွမ်းပါးမှုမျဉ်းအထက်သို့ ဆွဲတင်ပေးရန် လိုအပ်သည့် ငွေပမာဏ၊ GDP ၏ ရာခိုင်နှုန်းဖြင့်




ရည်ညွှန်းချက် – ASPIRE dataset၊ MLCS 2017၊ ကမ္ဘာ့ဖွံ့ဖြိုးမှုညွှန်ကိန်းများနှင့် အစီရင်ခံစာရေး သားသူများ၏ ခန့်မှန်းတွက်ချက်မှုများ

# မြို့ပြ/ကျေးလက်ဒေသများ၊ ကလေးများနှင့် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများ၏ ကွာခြားချက်များ

အသေးစိတ် ဆက်လက်ဆန်းစစ်လေ့လာသောအခါ အကျပ်အတည်းနှစ်ခု ပေါင်းစပ်ကျရောက်မှုသည် နဂိုမူလ တည်ရှိနေသည့် ထိခိုက်လွယ်မှုအချို့ကို ပိုမိုမြင့်မားလာစေကြောင်း တွေ့ရှိရပါသည်။

(၁) ဆင်းရဲနွမ်းပါးမှုမျဉ်းအနီးတွင် ရောက်ရှိနေသည့် အိမ်ထောင်စုများ (near poor households) တွင် အများစုသည် မြို့ပြဒေသမှ အိမ်ထောင်စုများဖြစ်နေသည့်အတွက် အကျပ်အတည်းနှစ်ခု၏ ကျန်းမာရေးနှင့် ဝင်ငွေဆုံးရှုံးမှုအပေါ် လက်ငင်းသက်ရောက်မှုများက ထိုအိမ်ထောင်စုအများအပြားအား ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်သို့ ရောက်ရှိအောင် တွန်းချခဲ့ပါသည်။ ထို့အပြင် (နှစ်ထပ်ကွမ်း အကျပ်အတည်းကြောင့် အထိခိုက်ဆုံး ဖြစ်သော) အသေးစားစီးပွားရေးလုပ်ငန်းအများစုသည် မြို့ပြဒေသများတွင် တည်ရှိနေသည့်အချက်ကလည်း ဤတွေ့ရှိချက်ကို ပိုမိုခိုင်လုံစေခဲ့ပါသည်။ လေ့လာဆန်းစစ်မှုမှ ရရှိလာသည့် အမျိုးအစားအုပ်စုအလိုက် ခွဲခြားထားသော အချက်အလက်များအရ အကျပ်အတည်းနှစ်ခု၏ ဆင်းရဲနွမ်းပါးမှုအပေါ် ပေါင်းစပ်သက်ရောက်မှုကို ထည့်သွင်းစဉ်းစားမည်ဆိုလျှင် မြို့ပြဆင်းရဲနွမ်းပါးမှုနှုန်းသည် သုံးဆကျော်တိုးလာမည်ဖြစ်ကြောင်း တွေ့ရှိရပါသည် (၂၀၁၇ ခုနှစ်တွင် ၁၁.၃ ရာခိုင်နှုန်းရှိရာမှ အကျပ်အတည်းနှစ်ခုပေါင်း သက်ရောက်မှုကြောင့် ၃၇.၂ ရာခိုင်နှုန်း ဖြစ်လာမည်)။ ဤသည်မှာ မြို့ပြဒေသများတွင် အများဆုံးတည်ရှိနေသည့် လယ်ယာနှင့် မသက်ဆိုင်သော အသေးစားစီးပွားရေးလုပ်ငန်းများအပေါ် အကျပ်အတည်းနှစ်ခု၏ ကြီးမားသော သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသော တိုက်ရိုက်ရလဒ်တစ်ခုပင် ဖြစ်ပါသည်။[၁၉]

(၂) အကျပ်အတည်းနှစ်ခု၏ သက်ရောက်မှုကို ထည့်သွင်းစဉ်းစားသောအခါတွင်လည်း မြန်မာနိုင်ငံတွင် ကလေးသူငယ်ဆင်းရဲနွမ်းပါးမှုသည် ယေဘုယျ ဆင်းရဲနွမ်းမှုထက် ပိုမိုမြင့်မားနေဆဲဖြစ်ပြီး ထပ်မံတိုးလာဦးမည်ဟု ခန့်မှန်းရပါသည်။[၂၀] ခန့်မှန်းတွက်ချက်မှုများအရ မြန်မာနိုင်ငံရှိ ကလေးများ၏ ထက်ဝက်ခန့်သည် ၂၀၂၂ ခုနှစ်တွင် ဆင်းရဲနွမ်းပါးသည့် အခြေအနေတွင်နေထိုင်ကြရမည်ဟု တွေ့ရှိရပါသည်။ ဤသည်မှာ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးသောမိဘများမှ မွေးဖွားလာသော ကလေးများသည် ဆက်လက်ဆင်းရဲနွမ်းပါးနေဦးမည်ဖြစ်သည့် ဆင်းရဲနွမ်းပါးမှုကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းခြင်းဖြစ်စဉ် (intergenerational transmission of poverty) အား ဆက်လက်တည်မြဲစေလိမ့်မည်ဟူသည့် အယူအဆအပြင် ဤအကျပ်အတည်းနှစ်ခုသည် နောင်မျိုးဆက်တစ်ဆက်လုံး၏ ကြီးမားသော အစိတ်အပိုင်းအား ဆင်းရဲနွမ်းပါးမှု သံသရာဝဲဩဃမှ မလွတ်မြောက်နိုင်ဘဲ ရှိနေစေမည်ဟူသည့် အယူအဆအား အတည်ပြုပေးလိုက်ခြင်းဖြစ်ပါသည်။

(၃) အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် ထိခိုက်လွယ်ကြောင်း ခိုင်လုံသော အချက်အလက်၊ အထောက်အထားများရှိထားပြီး ဖြစ်ပါသည်။ ယခုလေ့လာဆန်းစစ်မှုအရလည်း အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများသည် နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် နေထိုင်ရနိုင်ခြေ ပိုများပါသည်။[၂၁] အမျိုးသမီးအလုပ်လက်မဲ့နှုန်းနှင့် ဆင်းရဲနွမ်းပါးမှုနှုန်းများ မြင့်တက်လာမှုနှင့် နောက်ဆက်တွဲ ဆင်းရဲချို့တဲ့မှုများကို ရင်ဆိုင်နေရသည့် အခြေအနေတွင် ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းဆောင်ရည် မြင့်တင်ရေး ပန်းတိုင်များ ပြည့်မီနိုင်မှု အလားအလာ ဆုတ်ယုတ်ကျဆင်းသွားမည် ဆိုသည်မှာ ငြင်းဆန်၍ မရဘဲ SDG ပန်းတိုင်များအားလုံးအပေါ်တွင်လည်း ဆိုးကျိုးများ ဆင့်ပွားသက်ရောက်မှု ရှိလာမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ တွေ့ရှိချက်များအပြင် MLCS 2017 စစ်တမ်းသည် ပြည်နယ်/တိုင်းဒေသကြီး အဆင့်ကိုလည်း ကိုယ်စားပြုနိုင်သဖြင့် အကျပ်အတည်းနှစ်ခု၏ ဆင်းရဲနွမ်းပါးမှုနှုန်းများအပေါ် ပေါင်းစပ်သက်ရောက်မှုအား ပြည်နယ်/တိုင်းဒေသကြီးအဆင့်အတွက်လည်း ဆန်းစစ်လေ့လာနိုင်ခဲ့ပါသည်။ ဤဆန်းစစ်လေ့လာမှု၏ ရလဒ်များကို ပုံ(၄)တွင် တင်ပြပေးထားပါသည်။ ပထမတွေ့ရှိချက်မှာ အကျပ်အတည်းနှစ်ခု၏ သက်ရောက်မှုအား ထည့်သွင်းစဉ်းစားသောအခါတွင်လည်း (MLCS 2017 စစ်တမ်းအရ) အဆင်းရဲအနွမ်းပါးဆုံး ပြည်နယ်/တိုင်းဒေသကြီးများသည် ထိုအခြေအနေအတိုင်း ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ အတိအကျဆိုရလျှင် ချင်းပြည်နယ်ရှိ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၇၁.၅ ရာခိုင်နှုန်းအထိ မြင့်တက်သွားမည်ဟု ခန့်မှန်းရပြီး ယင်းနောက်တွင် ရခိုင်ပြည်နယ် (၆၃.၆ ရာခိုင်နှုန်း)သည် ဒုတိယအဆင်းရဲဆုံး ဖြစ်ပါသည်။ နောက်ထပ်တွေ့ရှိချက်မှာ ရန်ကုန်နှင့် မန္တလေးကဲ့သို့သော ပြည်နယ်/တိုင်းဒေသကြီးများတွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် သိသိသာသာ မြင့်တက်လာမည်ဖြစ်သည်။ ရန်ကုန်နှင့် မန္တလေးတွင် ဆင်းရဲနွမ်းပါးသူရာခိုင်နှုန်းသည် သုံးဆတိုးလာမည်ဟု ခန့်မှန်းပါသည်။ ဤသည်မှာ မြို့ပြဒေသများ (ဥပမာ ရန်ကုန်၊ မန္တလေး)တွင် အများဆုံးတည်ရှိကြသည့် အသေးစားစီးပွားရေးလုပ်ငန်းများအပေါ် အကျပ်အတည်းနှစ်ခု ပေါင်းစပ်သက်ရောက်မှု၏

---

၁၉ https://www.cebm.net/covid-19/what-impacts-are-emerging-from-covid-19-for-urban-futures/

၂၀ https://www.unicef.org/myanmar/reports/overcoming-child-poverty-myanmar

၂၁ https://www.researchgate.net/publication/322172667_Household_shocks_and_coping_mechanism_evidence_from_Sub-Saharan_Africa

တိုက်ရိုက် အကျိုးရလဒ်တစ်ခု ဖြစ်နိုင်ပါသည်။[၂၂] နောက်ဆက်တွဲ စာတမ်းပါ ပုံ (က-၁) တွင် အကျပ်အတည်းနှစ်ခု ပေါင်းစပ် သက်ရောက်မှု၏ ရလဒ်ဖြစ်သည့် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီမှ ဆင်းရဲနွမ်းပါးသူအရေအတွက် စုစုပေါင်းများကို ဖော်ပြထားပါသည်။ ပုံတွင် တွေ့မြင်ရသည့်အတိုင်း ဆင်းရဲ နွမ်းပါးသူ အရေအတွက်အများဆုံးကို ဧရာဝတီတိုင်းဒေသကြီး တွင် တွေ့ရမည်ဖြစ်ပြီး ယင်းနောက်တွင် ရန်ကုန်နှင့် စစ်ကိုင်း တိုင်းဒေသကြီးတို့ လိုက်ပါသည်။ ထိုပကတိ ကိန်းဂဏန်းများ သည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ စုစုပေါင်း လူဦးရေပေါ်တွင်လည်း မူတည်နေကြောင်း သတိချပ်သင့်ပါ သည်။

ပြည်နယ်/တိုင်းဒေသကြီးအလိုက် ခွဲခြားထားသော ဆင်းရဲ နွမ်းပါးမှုကွာဟချက် (poverty gap) ဆိုင်ရာ အချက်အလက် များ (ပုံ ၅) ကို ထည့်သွင်းစဉ်းစားသောအခါ အထက်ပါ တွေ့ရှိ ချက်များသည် ပို၍ ခိုင်မာလာပါသည်။ ပုံတွင် အထင်အရှား တွေ့မြင်ရသည့်အတိုင်း ဆင်းရဲနွမ်းပါးမှုကွာဟချက်သည် ဆင်းရဲ နွမ်းပါးသူရာခိုင်နှုန်း အမြင့်မားဆုံးသော ပြည်နယ်တိုင်းဒေသ ကြီးများ (ဥပမာ ချင်း)တွင် အမြင့်မားဆုံး ဖြစ်နေပါသည်။ ရှေ့ပိုင်းတွင် တင်ပြခဲ့သည့် ဆင်းရဲနွမ်းပါးသူရာခိုင်နှုန်း ဆန်းစစ် လေ့လာချက်ရလဒ်များနှင့် ကိုက်ညီပြီး ပို၍အရေးကြီးသည့် အချက်မှာ ဆင်းရဲနွမ်းပါးမှုကွာဟချက်သည် ရန်ကုန်နှင့်မန္တလေး ကဲ့သို့သော ပြည်နယ်/တိုင်းဒေသကြီးများတွင် ပိုမိုမြင့်တက် လာဖွယ် ရှိနေသဖြင့် လူပေါင်းများစွာအား ပို၍နက်ရှိုင်းသော ဆင်းရဲတွင်းသို့ ကျရောက်စေမည် ဖြစ်ပါသည်။ ထို့အပြင် အကျပ်အတည်းနှစ်ခု ပေါင်းစပ်သက်ရောက်မှုကြောင့် အသစ် တိုးလာသော ဆင်းရဲနွမ်းပါးသူများ၏ ပကတိကိန်းဂဏန်း အရေအတွက်အရ ထိုသူများအား ဆင်းရဲနွမ်းပါးမှုမျဉ်းအထက်သို့ ရောက်ရှိအောင် ဆွဲတင်ပေးနိုင်ရန် လိုအပ်သည့် လူမှုရေး ထောက်ပံ့ငွေပမာဏများသည် ပြည်နယ်/တိုင်းဒေသကြီးကြား ကွာခြားမှုရှိမည် ဖြစ်ပါသည်။ ပိုမိုတိကျစွာ ဖော်ပြရလျှင် ရန်ကုန် တိုင်းဒေသကြီး ကဲ့သို့သော နေရာမျိုးတွင် အသစ်တိုးလာသော ဆင်းရဲနွမ်းပါးသူများအား ဆင်းရဲနွမ်းပါးမှုမျဉ်း အထက်သို့ ဆွဲတင်ရန်အတွက် လူမှုရေးထောက်ပံ့ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၅၀၀ နီးပါး လိုအပ်မည်ဖြစ်သည် (နောက်ဆက်တွဲစာတမ်းပါ ဇယား က-၂ ကို ကြည့်ပါ)။ အလားတူပင် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးများကဲ့သို့သော နေရာများတွင်လည်း များပြားသည့် ထောက်ပံ့ငွေပမာဏများ လိုအပ်မည်ဖြစ်ပါသည်။

> **ဆင်းရဲနွမ်းပါးမှုသည် ရန်ကုန်နှင့် မန္တလေးကဲ့သို့သော** ပြည်နယ်/တိုင်းဒေသကြီးများတွင် **သိသိသာသာ တိုးလာမည်ဖြစ်ပြီး ဆင်းရဲနွမ်းသူ ရာခိုင်နှုန်းသည် သုံးဆဖြစ်လာမည်**ဟု ခန့်မှန်းပါသည်။ ဤသည်မှာ မြို့ပြဒေသများတွင် အများဆုံး တည်ရှိသည့် အသေးစားစီးပွားရေး လုပ်ငန်းများအပေါ် အကျပ်အတည်းနှစ်ခု ပေါင်းစပ်သက်ရောက်မှု၏ တိုက်ရိုက်အကျိုးဆက် ဖြစ်နိုင်ပါသည်။

[၂၂] အထူးသဖြင့် ရန်ကုန်တွင် လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာမှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုအခြေအနေသည် ပိုမိုဆိုးရွားလာခဲ့ပါသည်။ The Economist ၏ ဘေးကင်း လုံခြုံသော မြို့ကြီးများဆိုင်ရာ အညွှန်းကိန်း (Safe Cities Index) တွင် ရန်ကုန်သည် အောက်ဆုံး (၆၀/၆၀) တွင် ရောက်ရှိနေပြီး ဗင်နီဇွဲလားမှ ခရာကက်စ်နှင့် နိုင်ဂျီးရီးယားမှ လေးဂို့စ် ကဲ့သို့သော မြို့ကြီးများ၏ နောက်သို့ပင် ရောက်ရှိသွားပြီ ဖြစ်ပါသည်။

## ပုံ (၄) မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူရာခိုင်နှုန်းအပေါ် အကျပ်အတည်းနှစ်ခု (ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှု) ပေါင်းစပ်သက်ရောက်မှု၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖော်ပြထားခြင်း




ရည်ညွှန်းချက် – MLCS, 2017 နှင့် အစီရင်ခံစာရေးသားသူများ၏ ခန့်မှန်းတွက်ချက်မှုများ

## ပုံ (၅) မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုကွာဟချက်အပေါ် အကျပ်အတည်းနှစ်ခု (ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှု) ပေါင်းစပ်သက်ရောက်မှု၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖော်ပြထားခြင်း၊




ရည်ညွှန်းချက် – MLCS, 2017 နှင့် အစီရင်ခံစာရေးသားသူများ၏ ခန့်မှန်းတွက်ချက်မှုများ

၀၄

# မြင့်တက်လာသော ဆင်းရဲနွမ်းပါးမှု၏ လူသား အရင်းအနှီးအပေါ် သက်ရောက်နိုင်ခြေနှင့် သက်ရောက်ပုံနည်းလမ်းများ

အကျပ်အတည်းနှစ်ခု၏ အကျိုးဆက်ဖြစ်သည့် ဆင်းရဲနွမ်းပါးမှုနှုန်းများ မြင့်တက်လာမှု၏ သက်ရောက်မှုများကို လာမည့်နှစ်အနည်းငယ်အတွင်း မြင်တွေ့လာရဖွယ်ရှိပြီး နောင်မျိုးဆက်၏ လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်စေမည်ဖြစ်သည်။ ယင်းသည် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အလားအလာအပေါ် အလွန်တရာကြီးမားသော အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ အစီရင်ခံစာ၏ ဤအပိုင်းတွင် ဘဝစက်ဝန်း၏ အဆင့်အမျိုးမျိုးရှိ လူသားအရင်းအနှီးအပေါ် ဆင်းရဲနွမ်းပါးမှု၏ သက်ရောက်နိုင်ခြေများအား အကျဉ်းချုပ်လေ့လာတင်ပြထားပါသည်။ ပထမဦးစွာ ဆင်းရဲနွမ်းပါးမှု၏ အာဟာရပေါ် သက်ရောက်မှုအား ဦးစွာတင်ပြမည်ဖြစ်ပြီး နောက်ပိုင်းတွင် ကျန်းမာရေးနှင့် ပညာရေးအပေါ် သက်ရောက်မှုများကို ဆက်လက်တင်ပြသွားမည်ဖြစ်သည်။

## အာဟာရ

ယခင်က ဆောင်ရွက်ထားသော သုတေသနစာရွက်စာတမ်း၊ စာအုပ်များတွင် ဆင်းရဲနွမ်းပါးမှုနှင့် အစာအာဟာရချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာသော ရလဒ်များ (ဥပမာ ပုညှက်ခြင်း) ကြား ဆက်နွယ်နေမှုအား အခိုင်အမာသက်သေပြထားပြီးပါသည်။ အထူးသဖြင့် ဝင်ငွေနည်းတိုင်းပြည်နှင့် ဝင်ငွေအလယ်အလတ်တိုင်းပြည်များမှအထောက်အထားများအရ ကိုယ်ဝန်ဆောင်စဉ်[၂၃] နှင့် မွေးဖွားပြီး ပထမ ၂၄ လတာကာလ[၂၄] သည် ပုညှက်ခြင်း (stunting) ကို ကာကွယ်ရန် အရေးအကြီးဆုံးအချိန်များဖြစ်ကြောင်း သိရှိရပါသည်။ ထို့အပြင် အသစ်တွေ့ရှိရသော အထောက်အထားများအရ ဆင်းရဲနွမ်းပါးမှုသည် အသက်(၅) နှစ်အရွယ်အထိ ဦးနှောက်စွမ်းရည်ဖွံ့ဖြိုးမှု နှောင့်နှေးခြင်းနှင့် ဆက်နွယ်နေကြောင်း တွေ့ရှိရသဖြင့်[၂၅] အနည်းဆုံး အသက် (၅) နှစ်အရွယ်အထိ စီးပွားရေးဆိုင်ရာဆိုးကျိုးများကြောင့် အလွယ်တကူ ထိခိုက်နိုင်ကြောင်း ပြသနေပါသည်။ ဆင်းရဲနွမ်းပါးမှုသည် ပုညှက်ခြင်းကို ဖြစ်စေသည့် အခြေအနေအချို့အား ဖန်တီးပေးပါသည်။ ထိုအခြေအနေများထဲတွင် အဏုအာဟာရဓာတ် ကြွယ်ဝသော အစားအစာများ လုံလောက်စွာ မစားသုံးနိုင်ခြင်း၊ စားသုံးသည့် အစားအစာများတွင် အာဟာရစုံလင်မျှတစွာ ပါဝင်မှုမရှိခြင်းနှင့် အစားနပ်မှန်အောင် မစားရခြင်းတို့ ပါဝင်ပါသည်။[၂၆]

မြန်မာနိုင်ငံတွင် ထိုအခြေအနေအချို့ကို စတင်တွေ့ရှိလာရပြီဖြစ်သည်။ ပြည်သူ့အခြေခံလိုအပ်ချက် စစ်တမ်း (၂၀၂၁) မှ အချက်အလက်များအရ အစားလျှော့စားသည့် အိမ်ထောင်စုများသည် တိုးလာကြောင်း တွေ့ရှိရပါသည်။[၂၇] အတိအကျဆိုရလျှင် အစားလျှော့စားခြင်းအား မြို့ပြဒေသများနှင့် ကိုဗစ်–၁၉ ဆိုင်ရာ ကန့်သတ်ချက်များ စတင်ပြီးနောက်ပိုင်း အလုပ်အကိုင် ဆုံးရှုံးရသည့်/ လုပ်ကိုင်နေသော ကိုယ်ပိုင်လုပ်ငန်းအား ရပ်ဆိုင်းခဲ့ရသည့်သူတစ်ဦး ရှိနေသည့် အိမ်ထောင်စုများတွင် ပို၍ တွေ့ရပါသည်။ ထိုအကြောင်းအချက်များ အပြန်အလှန်သက်ရောက်မှုသည် အာဟာရချို့တဲ့ခြင်း ဆိုင်ရာညွှန်ကိန်းများ[၂၈] ကို မြင့်တက်လာစေနိုင်ပါသည်။ DHS (2015) စစ်တမ်းမှ အခြေခံအချက်အလက်များ (baseline data)အရ ဆင်းရဲနွမ်းပါးသူများကြားတွင် အာဟာရချို့တဲ့ခြင်းဆိုင်ရာ ညွှန်ကိန်းများသည် မူလကတည်းကပင် မြင့်မားလျက် ရှိနေပါသည်။ (ပုံ ၆)

---

၂၃ https://bmcpediatr.biomedcentral.com/articles/10.1186/1471–2431–14–58

၂၄ https://pubmed.ncbi.nlm.nih.gov/23746772/

၂၅ https://www.thelancet.com/journals/lancet/article/PIIS0140–6736(07)60032–4/fulltext

၂၆ https://www.thelancet.com/pb/assets/raw/Lancet/stories/series/nutrition–eng.pdf

၂၇ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်းမှ မေးခွန်းများသည် ကလေးများအကြောင်းကိုသာ မေးမြန်းခြင်းမဟုတ်ဘဲ အိမ်ထောင်စုတစ်စုလုံးအတွက် မေးမြန်းခြင်းဖြစ်သည့်တိုင် ကလေးများသည်လည်း အစားလျှော့စားရလိမ့်မည်ဟု ယူဆပါသည်။

၂၈ https://www.sciencedirect.com/science/article/abs/pii/S027795361000537X

**ပုံ (၆)** မြန်မာနိုင်ငံရှိ အာဟာရချို့တဲ့မှု ညွှန်ကိန်းများ၊ အသက် (၅) နှစ်အောက် ကလေးများ၊ လူဦးရေအား ချမ်းသာကြွယ်ဝမှုအလိုက် အညီအမျှ ပိုင်းခြားထားသော ငါးစိတ်ပိုင်းများအလိုက် ရာခိုင်နှုန်းဖြင့် ဖော်ပြခြင်း




ရည်ညွှန်းချက် – DHS 2015

အရပ်ပုခြင်းနှင့် ပိန်လှီခြင်း (wasting) များကတစ်ဖန် ဘာသာစကားကျွမ်းကျင်မှုနှင့် မြင်သိမှုစွမ်းရည် နိမ့်ပါးခြင်းနှင့် ဆက်နွှယ်နေပြန်ပါသည်။[၁၉] အရပ်ပုခြင်းနှင့် ဖွံ့ဖြိုးမှု နောက်ကျခြင်းများကြား ဆက်နွှယ်မှုအား အိန္ဒိယ၊ အင်ဒိုနီးရှား၊ ပီရူးနှင့် ဆီနီဂေါနိုင်ငံများမှ အသက် ၃ လနှင့် ၂၃ လ ကြား ကလေးများတွင် လေ့လာတွေ့ရှိခဲ့ရပြီး ဖြစ်သည်။[၂၀]

## ပညာရေး

ထုတ်ဝေထားသည့် သုတေသနစာရွက်စာတမ်း၊ စာအုပ်များအရ ဆင်းရဲနွမ်းပါးမှု မြင့်တက်လာခြင်းသည် မိခင်များ၏ ပညာရည်နိမ့်ကျမှု၊ မိခင်များ စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျမှုများပြားလာမှု၊[၂၁] [၂၂] နေအိမ်တွင် ကလေးများ၏ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် နှိုးဆွလှုံ့ဆော်ပေးနိုင်စွမ်းနည်းပါးမှု[၂၃]တို့နှင့် ဒွန်တွဲနေကြောင်း သိရှိရပါသည်။ ထိုအပြင် ဝင်ငွေကို ထိခိုက်စေသော ဘေးဒုက္ခတစ်ခုနှင့် ကြုံတွေ့ရသောအခါ အချို့အိမ်ထောင်စုများသည် အိမ်ထောင်စုဝင်ငွေဖြည့်ဆည်းရာတွင် အကူအညီရရှိနိုင်ရန် ကလေးများကို ကျောင်းထုတ်တတ်ကြောင်းလည်း တွေ့ရှိရပါသည်။[၂၄] ရှေ့အပိုင်းတွင် အသေးစိတ်တင်ပြခဲ့သည့် ဆင်းရဲနွမ်းပါးမှုသည် ကလေးများ၏ ဦးနှောက်စွမ်းရည်၊ သိမြင်မှုစွမ်းရည်များ ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုအပြင် အထက်ဖော်ပြပါ အကြောင်းအချက်များ ပေါင်းစု၍ ပညာရေးရလဒ်များကို ထိခိုက်စေနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။[၂၅] နိုင်ငံစုံတွင် ဆောင်ရွက်ခဲ့သော လေ့လာမှုများမှ အထောက်အထားများအား ဥပမာအဖြစ် တင်ပြရလျှင် ဆင်းရဲနွမ်းပါးမှု ၁၀ ရာခိုင်နှုန်း တိုးလာတိုင်း ကလေးများ၏ မူလတန်းအဆင့်မှ နောက်ဆုံးအတန်းသို့ တက်ရောက်နိုင်မှုသည် ၆.၄ ရာခိုင်နှုန်း ကျဆင်းသွားပါသည်။[၂၆]

ဆောင်ရွက်ထားသည့် သုတေသနများမှ များပြားပြည့်စုံသည့် အထောက်အထားများပေါ်တွင် အခြေခံ၍ မြန်မာနိုင်ငံ၏ အခြေအနေကို လေ့လာသုံးသပ်ကြည့်နိုင်ပါသည်။ မြန်မာနိုင်ငံတွင်

---

၁၉ https://pubmed.ncbi.nlm.nih.gov/21676102/

၂၀ https://pubmed.ncbi.nlm.nih.gov/21676102/

၂၁ https://www.annualreviews.org/doi/abs/10.1146/annurev.psych.53.100901.135233

၂၂ https://pubmed.ncbi.nlm.nih.gov/12792663/

၂၃ https://openknowledge.worldbank.org/handle/10986/8929

၂၄ https://www.researchgate.net/publication/333654047_Hit_and_Run_Income_Shocks_and_School_Dropouts_in_Latin_America

၂၅ https://openknowledge.worldbank.org/handle/10986/8929

၂၆ https://www.thelancet.com/journals/lancet/article/PIIS0140-6736(07)60032-4/fulltext

မသင်မနေရ မူလတန်းပညာရေးစနစ် ရှိနေခြင်းကြောင့် ၂၀၁၇ ခုနှစ်တွင် မူလတန်းကျောင်းအပ်နှံမှုနှုန်းသည် ရာနှုန်းပြည့်နီးပါး ရှိခဲ့ပါသည် (ပုံ-၇)။ သို့သော် အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းအပ်နှံမှုနှုန်းများမှာမူ များစွာပို၍ နည်းပါးနေပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသောကလေးများ၏ ထက်ဝက်ကသာ အလယ်တန်းကျောင်းအပ်နှံမှုရှိပြီး အထက်တန်းအဆင့်တွင်မူ ငါးပုံတစ်ပုံသာ ကျောင်းအပ်နှံကြပါသည်။ မြင့်တက်လာသော ဆင်းရဲနွမ်းပါးမှုနှုန်းများကြောင့် အထက်ဖော်ပြပါ ကျောင်းအပ်နှံမှုနှုန်းများသည် ထို့ထက်ပို၍ပင် နည်းပါးသွားနိုင်ခြေရှိနေပါသည်။ ထို့အပြင် စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများက အခြေအနေကို ပိုဆိုးစေပါသည်။ မကြာမီက လူများ၏ ပြောပြချက်များအရ အကြောင်းအမျိုးမျိုး ပေါင်းစပ်၍ ကျောင်းအပ်နှံမှုနှင့် ကျောင်းတက်ရောက်မှုများ နည်းပါးလျက်ရှိပြီး မိဘများက ကလေးများ၏ ဘေးကင်းရေး၊ လုံခြုံရေးအတွက် စိုးရိမ်ပူပန်ခြင်းကလည်း အကြောင်းတစ်ခုဖြစ်ကြောင်း သိရပါသည်။[၂၇] ကျောင်းများရက်ရှည်ပိတ်ထားရသည့် နှစ်တစ်နှစ်အား ရင်ဆိုင်ကြုံတွေ့ရချိန်တွင် ထိုအခြေအနေများ ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။ ရောဂါကူးစက်နိုင်ခြေကို လျှော့ချ၍ ကျောင်းများ ပြန်ဖွင့်နိုင်ရန် ကြိုးစားခဲ့သော်လည်း ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ဒုတိယလှိုင်း စတင်လာခြင်းကြောင့် ကျောင်းများကို နောက်တစ်ကြိမ် ပြန်ပိတ်ခဲ့ရပါသည်။[၂၈] နောက်ဆုံး ဖြစ်ပွားပေါ်ပေါက်လာသည့် (ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်း) ဖြစ်ရပ်များကြောင့်လည်း ကျောင်းဆရာ၊ ဆရာမ အများအပြား ဖမ်းဆီးထိန်းသိမ်းခံခြင်းနှင့် အလုပ်ရပ်ဆိုင်းခံရခြင်း (လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့်) များကလည်း ကလေးများ၏ လေ့လာသင်ယူမှု လုပ်ငန်းစဉ်အပေါ် ထိခိုက်မှုရှိလာမည် ဖြစ်ပါသည်။[၂၉]

## ပုံ (၇) မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း စုစုပေါင်းကျောင်းအပ်နှံမှုနှုန်းများ၊ လူဦးရေအား စားသုံးမှုအလိုက် အညီအမျှ ပိုင်းခြားထားသော ငါးစိတ်ပိုင်းများအလိုက် (ရာခိုင်နှုန်းဖြင့်) ဖော်ပြခြင်း




ရည်ညွှန်းချက် – MLCS, 2017

၂၇ UNICEF မြန်မာ လူသားချင်းစာနာထောက်ထားမှုအခြေအနေ အစီရင်ခံစာအမှတ် 5 – 2021

၂၈ https://news.un.org/en/story/2020/10/1074602

၂၉ https://www.france24.com/en/asia-pacific/20210601-myanmar-teachers-and-students-defy-junta-as-schools-reopen

# ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား လက်လှမ်းမီမှု

ဆင်းရဲနွမ်းပါးမှုနှင့် ကျန်းမာရေးရလဒ်များကြား ဆက်နွယ်မှုရှိကြောင်းကိုလည်း ယခင်က ဆောင်ရွက်ထားသော သုတေသနများတွင် အထင်အရှားတွေ့ရှိထားပါသည်။ ဆင်းရဲနွမ်းပါးသူများကြားတွင် မိခင်နှင့် ကလေး သေဆုံးနှုန်းသည့် ပျမ်းမျှနှုန်းထက် ပိုမိုမြင့်မားခြင်း၊ ရောဂါများ ပိုဖြစ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးကာကွယ် စောင့်ရှောက်မှုများအား လက်လှမ်းမီမှု ပိုမိုနည်းပါးခြင်းတို့ကို တွေ့ရှိရပါသည်။[၄၀] ပို၍ အရေးကြီးသောအချက်မှာ ဆင်းရဲနွမ်းပါးသူများသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် အတွက် ကျန်းမာရေးကောင်းရန် ပို၍လိုအပ်ပါသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးသော သို့မဟုတ် လူမှုရေးအရ ထိခိုက်လွယ်သော သူတစ်ဦး နာမကျန်း ဖြစ်သောအခါ သို့မဟုတ် ထိခိုက်ဒဏ်ရာရသောအခါတွင် ဝင်ငွေဆုံးရှုံးမှုပြဿနာနှင့် ရင်ဆိုင်ရကာ အိမ်ထောင်စုတစ်ခုလုံး ဒုက္ခကြီးစွာ ရောက်ကြရပါသည်။[၄၁]

ထို့အပြင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများသည်ကျန်းမာရေးစောင့်ရှောက်မှုများအား လက်လှမ်းမီရရှိမှု ပိုမိုအကန့်အသတ်ရှိပါသည်။ မြန်မာနိုင်ငံအခြေအနေအား သုံးသပ်သောအခါ နောက်ဆုံးရ MLCS (2017) နှင့် DHS (2015) အချက်အလက်များ၊ Nikoloski, McGuire and Mossialos[၄၂] အရ ဆင်းရဲနွမ်းပါးသူများသည် ကျန်းမာရေးစောင့်ရှောက်မှုမျာအား လက်လှမ်းမီ ရရှိနိုင်ခြေ ပိုမိုနည်းပါးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ရယူသောအခါတွင်လည်း '၎င်းတို့အတွက် ကြီးမားလွန်းသည့် ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များ'ကြောင့် ဆင်းရဲတွင်း ပိုနက်ကာ ဒုက္ခရောက်ကြရပါသည်။[၄၃] ဆင်းရဲနွမ်းပါးသူများသည် ရောဂါပိုဖြစ်လွယ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးအာမခံတို့အား လက်လှမ်းမီမှု ပိုနည်းသဖြင့် ထိုသို့ဆင်းရဲတွင်း နက်သထက်နက်မည့် အခြေအနေသို့ ပို၍ကျရောက်လွယ်ကြခြင်း ဖြစ်ပါသည်။[၄၄]

ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမီမှုနှင့် ကျန်းမာရေးရလဒ်တို့ကြား ယေဘုယျ ဆက်နွယ်မှုများအပြင် ဆင်းရဲနွမ်းပါးမှု၊ ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကလေးများ၏ ကျန်းမာရေးရလဒ်များကြား ဆက်နွယ်မှုအား သီးခြားလေ့လာတင်ပြထားသည့် ခိုင်လုံသော သုတေသနစာတမ်းတစ်ခုလည်း ထွက်ပေါ်လာပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုစီးပွားအခြေအနေ နိမ့်ကျမှုတို့သည် အသက် ၂ နှစ်အောက်အရွယ်နှင့် ကလေးဘဝတွင် သေဆုံးနိုင်ခြေ၊ ကလေးဘဝတွင် ဖြစ်ပွားသော နာတာရှည်ရောဂါများနှင့် အခြားလတ်တလော ပြင်းထန်သော ရောဂါအများအပြားဖြစ်ပွားမှုတို့နှင့် ဒွန်တွဲနေသည်ဟု သဘောတူလက်ခံသူများ ပို၍ များပြားလာပါသည်။[၄၅] ထို့အပြင် ဆင်းရဲနွမ်းပါးမှုသည် ကလေးများအတွက် ဆောင်ရွက်ပေးသော ကျန်းမာရေးစောင့်ရှောက်မှုများအား လက်လှမ်းမီရရှိမှုနှင့်လည်း ဆက်နွယ်မှုရှိကြောင်း သုတေသနပြုလေ့လာထားမှုများတွင် အခိုင်အမာတွေ့ရှိပြီး ဖြစ်ပါသည်။ လေ့လာထားသည့် ကျန်းမာရေးစောင့်ရှောက်မှုအမျိုးအစားများထဲမှ အချို့မှာ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် ကျွမ်းကျင်သူ၏ အကူအညီဖြင့် ကလေးမီးဖွားမှု၊[၄၆] ကာကွယ်ဆေးထိုးနှံမှု၊[၄၇] သို့မဟုတ် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရန်အတွက် ဆေးစိမ်ခြင်ထောင် ပုံမှန်သုံးစွဲမှု[၄၈] တို့ ပါဝင်ပါသည်။ နောက်ဆုံးအနေဖြင့် တင်ပြလိုသည်မှာ ကလေးဘဝတွင် အဖြစ်အများဆုံး ရောဂါနှစ်ခု (ဝမ်းပျက် ဝမ်းလျှောခြင်းနှင့် နမိုးနီးယားအဆုတ်ရောင်ရောဂါ) အတွက် ကျန်းမာရေးစောင့်ရှောက်မှုများသည် ငွေကြေးချမ်းသာသူများသာ ရယူနိုင်သည့်အခြေအနေတွင် ရှိနေဆဲဖြစ်ပြီး အထူးသဖြင့် ဝင်ငွေနည်းတိုင်းပြည်များနှင့် ဝင်ငွေအလယ်အလတ်ရှိသည့် အောက်ပိုင်းအုပ်စု တိုင်းပြည်များတွင် ထိုအခြေအနေကို ပိုမိုတွေ့ရှိရပါသည်။[၄၉]

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုအဆင့်များ မြင့်တက်လာခြင်းသည် ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှုနှင့် အသုံးပြုမှုနှစ်မျိုးစလုံးအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း (နှင့် ရှေ့ပိုင်းတွင် ဆောင်ရွက်ခဲ့သည့် ထိခိုက်လွယ်သော အိမ်ထောင်စုများအား လေ့လာမှုစစ်တမ်း) တို့မှရရှိသော အထောက်အထားများအရ လက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေးအခြေအနေနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်၏ အခြေအနေတို့ကြောင့် ကျန်းမာရေးဌာနများသို့ သွားရောက်နိုင်မှုတွင် ကြုံတွေ့ရသော အခက်အခဲများမှာ ပိုမိုကြီးမားလာကြောင်း သိရှိရပါသည်။

ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိမှုနှင့် စပ်လျဉ်းသော သဘောထားအမြင်များသည်လည်း စစ်အာဏာသိမ်းပြီး

---

၄၀ Myanmar DHS 2015.

၄၁ OECD (2003) "Poverty and health".

၄၂ Their paper titled "Evaluating Myanmar's UHC progress on national and sub-national level" is forthcoming in Plos Medicine later in 2021.

၄၃ Catastrophic out of pocket expenses means HHs having to cut down on normal expenses by 40%. Impoverishing OOP expenses is more directly related to being pushed back into poverty.

၄၄ OECD (2003) "Poverty and health".

၄၅ https://www.researchgate.net/profile/Nicholas-Spencer-9/publication/10588896_Social_Economic_and_Political_Determinants_of_Child_Health/links/5a2129c40f7e9b4d19283a27/Social-Economic-and-Political-Determinants-of-Child-Health.pdf

၄၆ https://pubmed.ncbi.nlm.nih.gov/11128415/

၄၇ https://www.ncbi.nlm.nih.gov/pmc/articles/PMC2393147/

၄၈ https://onlinelibrary.wiley.com/doi/abs/10.1111/j.1365-3156.1996.tb00019.x

၄၉ https://ajph.aphapublications.org/doi/pdfplus/10.2105/AJPH.94.5.726

နောက်ပိုင်း သိသိသာသာ ပိုမိုဆိုးရွားလာပါသည်။ ပုံ (၈) တွင် တွေ့ရှိရသည့်အတိုင်း ၂၀၂၀ ခုနှစ် (ကိုဗစ်-၁၉ ဒုတိယလှိုင်း စတင်ဖြစ်ပေါ်သည့်ကာလ) အတွင်းတွင် အိမ်ထောင်စုများ၏ ၂၆.၉ ရာခိုင်နှုန်းက လွန်ခဲ့သည့်လအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများအား လက်လှမ်းမီရရှိနိုင်မှုအခြေအနေသည် ပိုမိုဆိုးရွားလာသည်ဟု ဆိုပါသည်။ စစ်အာဏာသိမ်းပြီးနောက်တွင် ဤသို့ဖြေဆိုသည့် အိမ်ထောင်စုများသည် ၆၀.၆ ရာခိုင်နှုန်းအထိ မြင့်တက်သွားပါသည်။

ပညာရေးကဏ္ဍမှာကဲ့သို့ပင် ကျန်းမာရေးကဏ္ဍတွင်လည်း စစ်အာဏာသိမ်းအဖွဲ့၏ ဖိနှိပ်မှုများကြောင့် ဝန်ထမ်းမလုံလောက်မှုများ ဖြစ်ပေါ်နေပါသည်။[၅၀] ဥပမာ ရန်ကုန်နှင့် မန္တလေး (မြန်မာနိုင်ငံရှိ အခြားဒေသများ) မှ အစိုးရဝန်ထမ်း ဆရာဝန်အများအပြားသည် လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှုကို အားပေးထောက်ခံမှုကြောင့် တရားစွဲဆိုခြင်း ခံထားရပါသည်။ ထို့အပြင် လူများ၏ ပြောပြချက်များအရ ဆရာဝန်များသည် ရာထူးမှ ဖယ်ရှားခံရခြင်း၊ အဖမ်းဆီးခံရခြင်း သို့မဟုတ် အသက်အန္တရာယ်ကို ကြောက်ရွံ့၍ ထွက်ပြေးတိမ်းရှောင်နေရခြင်းများ ရှိကြောင်းလည်း သိရှိရပါသည်။[၅၁] ကမ္ဘာ့ကျန်းမာရေး အကျပ်အတည်းနှင့် စစ်အာဏာသိမ်းမှု အကျပ်အတည်း နှစ်ခုအား တစ်ပြိုင်နက်တည်း ရင်ဆိုင်နေရသော မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်သည် ပြိုလဲလုနီးဖြစ်နေပြီဟု ဆိုနိုင်ပါသည်။

**ပုံ (၈)** **လွန်ခဲ့သည့်လအတွင်း ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိနိုင်မှုနှင့် စပ်လျဉ်းသည့် သဘောထားအမြင်များ (စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ ရာခိုင်နှုန်းဖြင့်)**




ရည်ညွှန်း - ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း၊ ၂၀၂၁

၅၀ https://militaryhealth.bmj.com/content/jramc/early/2021/05/21/bmjmilitary-2021-001871.full.pdf

၅၁ https://militaryhealth.bmj.com/content/jramc/early/2021/05/21/bmjmilitary-2021-001871.full.pdf

# သုံးသပ်ချက်များ

၀၅

မြန်မာနိုင်ငံသည် ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စတင်လုပ်ဆောင်တော့မည့်အချိန်တွင် စစ်အာဏာသိမ်းမှုဖြစ်ပွားလာခြင်းကြောင့် အကျပ်အတည်းနှစ်ခုပေါင်းစပ်ကာ ပိုမိုဆိုးရွားပြင်းထန်လာခဲ့ပါသည်။ ဤမူဝါဒစာတမ်းတိုတွင် အစောပိုင်းက ထုတ်ဝေထားသည့် စာတမ်းမှ ရလဒ်များ၏ နောက်ဆုံးအခြေအနေကို ထင်ဟပ်သော အချက်အလက်များအား တင်ပြပေးထားပါသည်။ အကျပ်အတည်းနှစ်ခု တစ်ပြိုင်နက်တည်းကြုံတွေ့နေရမှုသည် ဝင်ငွေများကို လျော့ကျစေပြီး ကိုဗစ်–၁၉ ကပ်ရောဂါအတွင်း မြင့်တက်လာသော ဆင်းရဲနွမ်းပါးမှုနှုန်းများကို ပိုမိုမြင့်မားဆိုးရွားလာစေမည် ဖြစ်ပါသည်။ ထိုမျှသာမက ထိုနှစ်ထပ်ကွမ်းအကျပ်အတည်းသည် အိမ်ထောင်စုများ၏ လူမှုဘဝဖူလုံပြည့်စုံမှုအား ထိခိုက်စေသည့် လက်ငင်းသက်ရောက်မှုအပြင် ရေရှည်တွင် နောင်မျိုးဆက်၏ လူသားအရင်းအနှီးပေါ်တွင်ပါ သက်ရောက်မှုရှိမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

ကလေးသူငယ်ဆင်းရဲနွမ်းပါးမှုသည် ဆက်လက် မြင့်မားနေမည်ဖြစ်ပြီး (နိုင်ငံရေးအကျပ်အတည်း ကာလရှည်ကြာနေမည်ဆိုပါက ကလေးများ၏ ထက်ဝက်ခန့်သည် ဆင်းရဲနွမ်းပါးစွာ နေထိုင်ကြရမည်ဖြစ်သည်) လယ်ယာနှင့်မသက်ဆိုင်သော အသေးစားစီးပွားရေးလုပ်ငန်းများအပေါ် အကျပ်အတည်းနှစ်ခုပေါင်းစပ်သက်ရောက်မှုကြောင့် မြို့ပြဆင်းရဲနွမ်းပါးမှုနှုန်းသည်လည်း သုံးဆတိုးလာမည်ဖြစ်ကြောင်း ဤစာတမ်းတွင် အတည်ပြုထားပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်အတွက် ဆန်းစစ်လေ့လာသောအခါ (ကနဦးထုတ်ပြန်ထားသည့် သုတေသနစာတမ်းမှ တွေ့ရှိချက်များအပြင်) နောက်ထပ်တွေ့ရှိချက်နှစ်ခု ထွက်ပေါ်လာပါသည်။ ပထမတစ်ခုမှာ ကပ်ရောဂါမတိုင်မီနှင့် စစ်အာဏာသိမ်းမှုမတိုင်မီက အဆင်းရဲအနွမ်းပါးဆုံး ပြည်နယ်/တိုင်းဒေသကြီးများသည် ထိုနေရာတွင်ပင် ဆက်လက်ရှိနေဦးမည် ဖြစ်ပါသည်။ ပိုမိုအရေးကြီးသည့် ဒုတိယတွေ့ရှိချက်မှာ ဆင်းရဲနွမ်းပါးမှုသည် လယ်ယာနှင့်မသက်ဆိုင်သော အသေးစား စီးပွားရေးလုပ်ငန်းအများစုတည်ရှိရာ မြို့ပြဆန်သည့် ပြည်နယ်/တိုင်းဒေသကြီးများ (ဥပမာ ရန်ကုန် သို့မဟုတ် မန္တလေး) တွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် မြင့်တက်လာဖွယ်ရှိနေသည့်အချက်ပင် ဖြစ်သည်။ ဆန်းစစ်လေ့လာမှု ပြုလုပ်နေစဉ်/ ဤစာတမ်းကို ရေးသားနေစဉ်အချိန်တွင် ကိုဗစ်–၁၉ တတိယလှိုင်းသည် မြန်မာနိုင်ငံအား ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိကြောင်း သတိပြုရန်လည်း အရေးကြီးပါသည်။ ကိုဗစ်–၁၉ တတိယလှိုင်းသည် ဖြစ်ပွားနေဆဲဖြစ်ပြီး ယင်း၏ အကျိုးဆက်များအား လာမည့် ရက်သတ္တပတ်များနှင့် လများအတွင်း ခံစားကြရဦးမည်ဖြစ်ရာ ဆင်းရဲနွမ်းပါးမှုညွှန်ကိန်းများမှာ ပို၍ပင် ဆိုးရွားလာဖွယ်ရာ ရှိနေပါသည်။

သို့သော် ကြုံတွေ့နေရသည့် အကျပ်အတည်းနှစ်ခု၏ ရိုက်ခတ်မှုများသည် ဆင်းရဲနွမ်းပါးမှုနှုန်းများ မြင့်တက်လာခြင်းထက် ပိုမိုကျယ်ပြန့်နိုင်ပါသည်။ မြေပြင်မှ ကနဦးရရှိထားသော အထောက်အထားများအရ တွေ့ရှိရသည်မှာ အကျပ်အတည်းများ၏ ကြီးမားပြင်းထန်သော သက်ရောက်မှုကြောင့် လွန်ခဲ့သောဆယ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံမှ ရရှိထားသည့် လူသားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းဆောင်အောင်မြင်မှုအများအပြားကို ပြန်လည်ဆုံးရှုံးရတော့မည် ဖြစ်ပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များအားလုံး ပြည့်မီရေးဆောင်ရွက်ရာတွင် ရရှိထားသော တိုးတက်မှုများမှာ ပြည့်စုံခြင်းမရှိခဲ့သည့်တိုင် ထိုမပြည့်စုံသည့် တိုးတက်မှုများသည်ပင်လျှင် ရပ်တန့်ဆုတ်ယုတ်သွားနိုင်သည့် အန္တရာယ်ရှိနေပါသည်။ မကြာမီက ဖြစ်ပေါ်ခဲ့သည့် အဖြစ်အပျက်များကြောင့် နိုင်ငံတွင်း ငယ်ရွယ်သော လုပ်သားအင်အားစု ကြီးမားခြင်းကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခွင့်အလမ်းတစ်ခုဖြစ်သည့် ‘လူဦးရေဆုလာဘ် (demographic dividend)’ ကို ဆက်လက်ခံစားနိုင်ဦးမည်လား ဟူသည့်မှာလည်း မေးခွန်းထုတ်စရာဖြစ်လာပါသည်။ အထူးသဖြင့် လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်မှုများ ဆုံးရှုံးသွားမည် ဆိုလျှင် ထိုဆုလာဘ်ကို ခံစားနိုင်မည့် အခွင့်အလမ်းသည် ပို၍ပင် နည်းပါးသွားမည်ဖြစ်ပါသည်။[၅၂] ဤစာတမ်းတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း ဆင်းရဲနွမ်းပါးမှုနှုန်းများ မြင့်တက်ခြင်းသည် လူသားအရင်းအနှီးစုဆောင်းခြင်းအတွက် မရှိမဖြစ် လိုအပ်သော အခြေခံဝန်ဆောင်မှုများ (ဥပမာ အာဟာရ၊ ကျန်းမာရေးနှင့် ပညာရေး) အား လက်လှမ်းမီမှုအပေါ် ထိခိုက်စေမည်ဖြစ်သဖြင့် နိုင်ငံ၏ လူသားအရင်းအနှီးများ ဆုံးရှုံးကာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်သည် ပျက်သုဉ်းရတော့မည် ဖြစ်ပါသည်။

---

၅၂ http://documents1.worldbank.org/curated/en/867951479745020851/pdf/WPS7893.pdf

**ပုံ (က-၁)** ပိုမိုဆိုးရွားလာသော အကျပ်အတည်းများ (ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှု) ၏ သက်ရောက်မှုကြောင့် ပေါ်ပေါက်လာသည့် စုစုပေါင်းဆင်းရဲနွမ်းပါးသူအရေအတွက်၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖော်ပြခြင်း၊




**ဇယား (က-၂)** ဆင်းရဲနွမ်းပါးသူများအား ဆင်းရဲနွမ်းပါးမှုမျဉ်းအထက်သို့ ပြန်လည်ရောက်ရှိအောင် ဆွဲတင်နိုင်ရန် (လူမှုရေးထောက်ပံ့ကြေးများအဖြစ် ပေးအပ်ရန်) လိုအပ်သည့် စုစုပေါင်းငွေကြေးပမာဏ (တစ်ရက်အတွက်နှင့် တစ်နှစ်အတွက်)၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်၊ အမေရိကန်ဒေါ်လာသန်းပေါင်းဖြင့် ဖော်ပြခြင်း၊

| | တစ်ရက်အတွက် | တစ်နှစ်အတွက် |
|---|---|---|
| ချင်း | ၀.၁၃ | ၄၈.၀၆ |
| ကချင် | ၀.၄၁ | ၁၅၁.၄၀ |
| မကွေး | ၀.၈၈ | ၃၂၂.၉၇ |
| ရခိုင် | ၀.၇၂ | ၂၆၂.၃၁ |
| တနင်္သာရီ | ၀.၃၁ | ၁၁၄.၂၃ |
| စစ်ကိုင်း | ၁.၁၈ | ၄၂၉.၉၆ |
| ဧရာဝတီ | ၁.၁၆ | ၄၂၄.၂၀ |
| ရန်ကုန် | ၁.၃၈ | ၅၀၅.၅၁ |
| ကရင် | ၀.၂၉ | ၁၀၄.၉၂ |
| ကယား | ၀.၀၅ | ၁၉.၄၁ |
| မွန် | ၀.၃၃ | ၁၂၁.၀၉ |
| မန္တလေး | ၀.၉၈ | ၃၅၈.၇၇ |
| ရှမ်း | ၀.၉၂ | ၃၃၅.၇၁ |
| နေပြည်တော် | ၀.၁၇ | ၆၃.၅၇ |
| ပဲခူး | ၀.၆၂ | ၂၂၆.၈၆ |
| စုစုပေါင်း | ၉.၅၆ | ၃၄၈၈.၉၈ |

# နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်း

၀၆

## ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှု

ဝင်ငွေဆုံးရှုံးမှုများ၏ ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်မှုကို ခန့်မှန်းနိုင်ရန်အတွက် အချက်အလက် ရင်းမြစ်အမျိုးမျိုးနှင့် ကျွမ်းကျင်သူများ၏ အကူအညီများ ရယူသည့် 'bottom-up' နည်းလမ်းတစ်ခု အသုံးပြု၍ ကမ္ဘာ့ကပ်ရောဂါကြောင့် မည်သည့် ဝင်ငွေရင်းမြစ်များနှင့် မည်သည့်ကဏ္ဍများအပေါ် ထိခိုက်မှု အများဆုံးဖြစ်မည်ဆိုသည်ကို လေ့လာဖော်ထုတ်ခဲ့ပါသည်။ အဆိုပါ အချက်အလက်ရင်းမြစ်များထဲတွင် Institute for Fiscal Studies (2020) မှ ထုတ်ဝေထားသော စာတမ်းများ၊[၅၃] မြန်မာနိုင်ငံရှိ UNDP ဝန်ထမ်းများမှ ပြုစုပေးထားသော စာတမ်းတစ်ခု (UNDP 2020)[၅၄] နှင့် Brookings Institution (2021) မှ ပြုစုပေးထားသော စာတမ်းတစ်ခု[၅၅] တို့ ပါဝင်ပါသည်။ ဤလေ့လာမှုတွင် အဓိကအသုံးပြုသည့် ဝင်ငွေနှင့်စပ်လျဉ်းသော ယူဆချက်များ (assumptions) မှာ အောက်ပါအတိုင်းဖြစ်ပါသည် (အစောပိုင်းက ထုတ်ပြန်ထားသည့် UNDP အစီရင်ခံစာ၊ ၂၀၂၁ တွင် ဆန်းစစ်လေ့လာမှုပြုစဉ် အသုံးပြုခဲ့သည့် ယူဆချက်များအကြောင်း အသေးစိတ်ဖော်ပြထားပါသည်) –

- ပထမဦးစွာ ဆောက်လုပ်ရေး၊ လက်လီရောင်းချခြင်းနှင့် အချို့သော ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် လုပ်ခလစာ ထိခိုက်မှုများကို အများဆုံး တွေ့ရှိရမည်ဟု ယူဆပါသည်။
- ဒုတိယယူဆချက်အနေဖြင့် လုပ်ခလစာများ ဆုံးရှုံးမှုကို အကဲဖြတ်ဆန်းစစ်ရာတွင် လော့ဒေါင်းချထားသည့်ကာလကို ခြောက်လဟု ယူဆ၍ ဆန်းစစ်ထားပါသည်။ ဆိုလိုသည်မှာ လော့ဒေါင်းချထားစဉ်အတွင်း လုပ်ခလစာများ လုံးဝမရရှိဘဲ ထိုနှစ်၏ ကျန်ရှိသည့်လများတွင် စီးပွားရေး နှေးကွေးကျဆင်းသွားမှုကြောင့် ဝင်ငွေ ၅၀ ရာခိုင်နှုန်း ထိခိုက်မည်ဟု ယူဆခြင်း ဖြစ်ပါသည်။
- စိုက်ပျိုးထုတ်လုပ်မှုများသည် ၈.၄ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု ယူဆထားပါသည်။ ဤကိန်းဂဏန်းကို HVS 2020 စစ်တမ်းမှ ရယူထားခြင်းဖြစ်ပြီး စစ်တမ်းဖြေဆိုသူများထဲမှ ၎င်းတို့၏ လယ်ယာမြေကို စိုက်ပျိုးခြင်းမရှိဘဲ ပလပ်ထားသူအချိုးအစားပေါ်တွင် အခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။
- World Bank (2020)[၅၆]၏ မကြာသေးမီက ခန့်မှန်းထားသော တန်ဖိုးများပေါ်တွင် အခြေခံ၍ နှစ်စဉ် လွှဲပို့ငွေစီးဝင်မှုတွင် လွှဲပို့ငွေများ၏ ၂၀ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု ခန့်မှန်းထားပါသည်။
- ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုအချို့သည် အစိုးရ၏ ထောက်ပံ့ငွေများကို လက်ခံရရှိ ခဲ့ကြပါသည်။ ထို့ကြောင့် နိုင်ငံတကာဆင်းရဲနွမ်းပါးမှုမျဉ်း (တစ်နေ့တာတွင် လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁.၉၀) အောက်တွင်ရှိသော အိမ်ထောင်စုများအားလုံးသည် ထောက်ပံ့ငွေ ၄၀,၀၀၀ ကျပ် ရရှိခဲ့သည်ဟု ယူဆထားပါသည်။ ဤသည်မှာ အိမ်ထောင်စုအချို့ လက်ခံရရှိသည့် ကူညီထောက်ပံ့မှုများကို ထည့်သွင်းတွက်ချက်ရာတွင် လွယ်ကူစေရန် အတွက် ခြုံငုံယူဆထားချက်တစ်ခုမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤရလဒ်များသည် အကူအညီ၊ အထောက်အပံ့များ ဖြန့်ဝေပေးခြင်းဆိုင်ရာအပိုင်းကို အပြည့်အဝ လွှမ်းခြုံတင်ပြပေးနိုင်ခြင်း မရှိပါ။

ဇယား (က-၁) တွင် အခြားသော ဝင်ငွေများ ဆုံးရှုံးရမှုနှင့် စပ်လျဉ်းသည့် ယူဆချက်များအားလုံးကို အပြည့်အစုံ ဖော်ပြပေးထားပါသည်။

ဇယား (က-၂) တွင် ဝင်ငွေအပြောင်းအလဲဖြစ်မှုများ၊ ဘဝအခြေအနေအမျိုးမျိုးတွင် သုံးစွဲမှုအား စုဆောင်းငွေများ၊ အခြားနည်းလမ်းများနှင့် ချိန်ညှိ၍ နေထိုင်မှုအဆင့်အတန်းကို တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မှု (consumption smoothing) နှင့်စပ်လျဉ်း၍ ရရှိနိုင်သော နိုင်ငံတကာသုတေသနစာတမ်းများကို အကျဉ်းချုပ် တင်ပြထားပါသည်။ ဤစိစစ်လေ့လာမှုတွင် အသုံးပြုသည့် consumption-smoothing ဆိုင်ရာ ပါရာမီတာများ/ သတ်မှတ်ချက်ဘောင်များ (parameters) အား ခန့်မှန်းတွက်ချက်ရာတွင် အထောက်အကူ ကိရိယာတစ်ခုအဖြစ် အသုံးပြုခဲ့သောစာတမ်းများ ဖြစ်ပါသည်။ ရရှိနိုင်သော အထောက်အထားများပေါ်တွင် အခြေခံ၍ HVS

---

၅၃ https://www.ifs.org.uk/publications/14791#:~:text=The%20list%20of%20sectors%20classed,7990)%3B%20childcare%20(8510%2C%208891

၅၄ UNDP (2020) "Socio economic impact of COVID 19 in Myanmar (မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများ)", mimeo

၅၅ https://www.brookings.edu/blog/future-development/2020/12/01/myanmars-response-to-the-covid-19-pandemic/

၅၆ https://www.worldbank.org/en/news/press-release/2020/04/22/world-bank-predicts-sharpest-decline-of-remittances-in-recent-history

2020 တွင် ဖော်ပြပါရှိသော အကျပ်အတည်းရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားလျှက် ဤစိစစ်လေ့လာမှုတွင် အသုံးပြုထားသော ပါရာမီတာ(parameters) နှစ်ခုမှာ ၀.၂ နှင့် ၀.၃၅ ဖြစ်ပြီး ထိုပါရာမီတာ(parameters) များသည် စားသုံးမှုလျော့ကျသွားမှု အနိမ့်ဆုံးတန်ဖိုးနှင့် အမြင့်ဆုံးတန်ဖိုး (lower and upper bound of consumption reduction) တို့နှင့် ကိုက်ညီပါသည်။ အတိအကျဆိုရလျှင် ဤလေ့လာမှုတွင် ဝင်ငွေ တစ်ယူနစ် ဆုံးရှုံးမှုနှင့်အတူ စားသုံးမှု ၀.၂ ယူနစ် (lower bound) နှင့် ၀.၃၅ ယူနစ် (upper bound) လျော့နည်းသွားပါသည်။ ထို့နောက် အသစ်တွက်ထုတ်ရရှိသော စားသုံးမှု စုစုပေါင်း (consumption aggregate) ကို အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုနှုန်းအသစ်၏ အနိမ့်ဆုံး/အမြင့်ဆုံး တန်ဖိုးများကို ခန့်မှန်းတွက်ချက်ထားပါသည်။

ယခုဆန်းစစ်လေ့လာမှုအား စစ်တမ်းမှ ဝင်ငွေစုစုပေါင်း (income aggregate) နှင့် ဆင်းရဲနွမ်းပါးမှု စုစုပေါင်း (poverty aggregate) တန်ဖိုးများပေါ်တွင် အခြေခံထားပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစစ်တမ်းသည် မြန်မာနိုင်ငံတွင် လူမှုဘဝ ဖူလုံပြည့်စုံမှုအခြေအနေကို နောက်ဆုံးအကြိမ် ဆန်းစစ်လေ့လာထားသောစစ်တမ်း ဖြစ်သောကြောင့်ပင်။ သို့ပါသောကြောင့် ယခုဆန်းစစ် လေ့လာမှုတွင် အသုံးပြုသော နည်းလမ်းသည် ကမ္ဘာ့ဘဏ်နှင့် ကွာခြားမှု ရှိပါသည်။ ကမ္ဘာ့ဘဏ်က လူမှုဘဝ ဖူလုံပြည့်စုံမှုအပေါ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ သက်ရောက်မှုဆိုင်ရာ ယူဆချက်များကို အသုံးပြု၍ ဝင်ငွေစုစုပေါင်း (income aggregate) နှင့် စားသုံးမှု စုစုပေါင်း (consumption aggregate) တန်ဖိုးများအား ၂၀၁၉ ခုနှစ်အဆင့်သို့ 'အချိုးကျတွက်ချက်တိုးမြှင့်' သည့် နည်းလမ်းကို အသုံးပြုပါသည်။ ယခုဆန်းစစ်လေ့လာမှုအား MLCS စစ်တမ်းပေါ်တွင် အခြေခံရခြင်း အကြောင်းရင်းအချို့ ရှိပါသည် – (၁) ယူဆချက်များကို အသုံးပြု၍ အချက်အလက်များကို ပြင်ဆင်ခြင်းထက် စုဆောင်း ကောက်ယူထားသော အချက်အလက်များပေါ်တွင် မိမိတို့၏ ယူဆချက်များကို ထည့်သွင်း အသုံးပြုခြင်းက ပိုမို ခိုင်မာမှုရှိမည်ဟု ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ (၂) နှစ်နှစ်ဟူသော အချိန်အတိုင်းအတာ (၂၀၁၈ နှင့် ၂၀၁၉) သည် နိုင်ငံတစ်နိုင်ငံလုံး၏ လူမှုဘဝ ဖူလုံပြည့်စုံမှု/ ဆင်းရဲနွမ်းပါးမှု အခြေအနေများတွင် သိသာထင်ရှားသည့် အပြောင်းအလဲများ ဖြစ်ပေါ်ရန် လုံလောက်သည့် အချိန် ကာလမဟုတ်သောကြောင့် ဖြစ်သည်။ (၃) ဝင်ငွေစုစုပေါင်းနှင့် စားသုံးမှုစုစုပေါင်း တန်ဖိုးများအား အချိုးကျတွက်ချက်တိုးမြှင့်ဖို့ဆိုလျှင် စားသုံးမှု/စုဆောင်းမှု ပုံစံများကို ထပ်ဆောင်းဆန်းစစ်လေ့လာရန် လိုအပ်ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုမျဉ်းနှင့် ပိုမိုနီးကပ်သော အိမ်ထောင်စုများအတွက် ပို၍ပင် လိုအပ်ပါသည်။ (၄) ထို့အပြင် ဆင်းရဲနွမ်းပါးမှုမျဉ်းအသစ်တစ်ခုကိုလည်း တည်ဆောက်ဖို့ လိုအပ်မည်ဖြစ်သည်။ ထိုသို့သော အကြောင်းများကြောင့် ဤဆန်းစစ်လေ့လာမှုတွင် MLCS 2017 စစ်တမ်းမှ အချက်အလက်များပေါ်တွင် အခြေခံ၍ ဆန်းစစ်လေ့လာမှု ပြုလုပ်ရန် ပို၍ အားသန်ခဲ့ခြင်း ဖြစ်ပါသည်။

## ကိုဗစ်–၁၉ နှင့် စစ်အာဏာသိမ်းမှု၏ ပေါင်းစပ်သက်ရောက်မှုများ

နိုင်ငံရေးအကျပ်အတည်း/စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုအား ဆန်းစစ်သောအခါတွင် နည်းစနစ်ပိုင်းဆိုင်ရာအရ အထက်တွင် ဖော်ပြခဲ့သည့် အလားတူနည်းလမ်းကိုပင် အသုံးပြုထားပါသည်။ (ကိုဗစ်–၁၉ ကပ်ရောဂါ၏ သက်ရောက်မှုအား ထည့်သွင်းစဉ်းစားပြီးနောက် တွက်ချက်ရရှိထားသည့်) ဝင်ငွေစုစုပေါင်း (income aggregate) တန်ဖိုးအသစ်အား နှိုင်းယှဉ်ကြည့်ရမည့် အခြေခံ တန်ဖိုး (baseline) အသစ်အဖြစ် ထားရှိအသုံးပြုကာ နိုင်ငံရေးအကျပ်အတည်း၏ ဆင်းရဲနွမ်းပါးမှုနှုန်းများအပေါ် သက်ရောက်မှုအား ခန့်မှန်းခဲ့ပါသည်။ ထိုအတွက် မြေပြင်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် စီးပွားရေးပိတ်ဆို့မှုများမှ ဖြစ်ပေါ်လာနိုင်ခြေရှိသည့် သက်ရောက်မှုများကြောင့် ထပ်မံဆုံးရှုံးရမည့် ဝင်ငွေများကို ပေါင်းထည့်ခဲ့ပါသည်။ နိုင်ငံရေးအကျပ်အတည်း/ စစ်အာဏာသိမ်းမှုနှင့် ဆက်နွှယ်သည့် ဝင်ငွေဆုံးရှုံးမှုများအား ဤစာတမ်း၏ အဓိကအပိုင်းတွင် တင်ပြထားပါသည်။

ကိုဗစ်–၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများ ဆန်းစစ်ခဲ့စဉ်ကကဲ့သို့ပင် ထပ်ဆောင်းဖြစ်ပေါ်လာသော ဝင်ငွေဆုံးရှုံးမှုများသည် စားသုံးမှုလျော့ကျခြင်းအား မည်သို့မည်ပုံ ဖြစ်ပေါ်စေကြောင်းကို လေ့လာဆန်းစစ်ရန် အရေးကြီးပါသည်။ ကိုဗစ်–၁၉ ကပ်ရောဂါနှင့် မတူသည့်အချက်မှာ စစ်အာဏာသိမ်းမှုတွင် ကျရောက်လာသည့်အကျပ်အတည်းသည် ပိုမိုကာလရှည်ကြာနိုင်ပြီး ကိုဗစ်–၁၉ ကပ်ရောဂါ၏ သက်ရောက်မှုအားတိုင်းတာရန် အသုံးပြုသည့် တိုင်းတာချက်များ (parameters) ကို အသုံးပြု၍ မရနိုင်ပါ။ အကျပ်အတည်းသည် ကာလရှည်ကြာမည်ဟု ယူဆပါက အိမ်ထောင်စုများ၏ အမူအကျင့်များသည် စားသုံးသူများ၏ သုံးစွဲမှုဆိုင်ရာ သီအိုရီတစ်ခုဖြစ်သည့် permanent income hypothesis နှင့် ပို၍ နီးစပ်လာနိုင်ပါသည်။ ထိုသီအိုရီအရ အိမ်ထောင်စုများသည် ၎င်းတို့မျှော်မှန်းနိုင်သည့် ရေရှည်ဝင်ငွေ အပြောင်းအလဲပေါ်တွင် မူတည်၍ စားသုံးမှုပုံစံကို ဝင်ငွေဆုံးရှုံးမှုနှင့် အတိအကျညီမျှသော အချိုးဖြင့် ပြောင်းလဲစားသုံးကြပါသည် (ဆိုလိုသည်မှာ ဝင်ငွေတစ်ကျပ် ဆုံးရှုံးလျှင် တစ်ကျပ်ဖိုးလျှော့စားခြင်း ဖြစ်ပါသည်)။ ဤသီအိုရီကို အထောက်အပံ့ပြုရန်အတွက် ရေရှည်တွင် ရရှိနိုင်မည့် ပျမ်းမျှဝင်ငွေနှင့် စပ်လျဉ်းသော သုတေသနစာတမ်းများ (permanent income literature) ကို ပြန်လည်သုံးသပ်လေ့လာမှုပြုခဲ့ပါသည်။ (ဇယား က–၃)

## ဇယား (က-၁) ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှု – ချဉ်းကပ်သည့် နည်းလမ်းနှင့် ယူဆချက်များ

| ဝင်ငွေရရှိသည့် ရင်းမြစ် | သက်ရောက်မှုရှိသော ကဏ္ဍ | ကိုဗစ်-၁၉ အတွက် ယူဆချက် |
|---|---|---|
| လုပ်ခလစာများ (လခစားဝန်ထမ်းများအား ပေးငွေ) | ၂၀၁ (စိုက်ပျိုးရေး၊ သစ်တောလုပ်ငန်း၊ ငါးလုပ်ငန်း)၊ ၂၀၃ (စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးနှင့်ပြုလုပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်မှု)၊ ၂၀၄ (အထည်ချုပ်လုပ်ငန်း)၊ ၂၁၈ (လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်)၊ ၂၂၀ (ဆောက်လုပ်ရေး)၊ ၂၂၃ (လက်လီရောင်းဝယ်ရေး)၊ ၂၂၄ (သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်မှု)၊ ၂၂၆ (အစားအသောက်ဝန်ဆောင်မှု)၊ ၂၂၅ (တည်းခိုနေထိုင်ရေး)၊ ၂၃၁ (အိမ်ခြံမြေလုပ်ငန်းများ)၊ ၂၃၈ (အနုပညာ၊ ဖျော်ဖြေရေး) နှင့် ၂၄၀ (အလုပ်ရှင်များအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စုလုပ်ငန်းများ)၊ | Brookings Institution (2021) မှ ရရှိနိုင်သော စာရွက်စာတမ်းများပေါ်တွင် အခြေခံသည့် ယူဆချက်တစ်ခု – ခြောက်လတာ လော့ဒေါင်း ချထားမှုတွင် လော့ဒေါင်း ကာလအတွင်း လုပ်ခလစာများ အားလုံးထိခိုက်ပြီး ထိုနှစ်၏ ကျန်ရှိသော လများတွင် တစ်စိတ်တစ်ပိုင်း (၅၀%) သာ ထိခိုက်မည်ဖြစ်သည်။ |
| လယ်ယာနှင့် မသက်ဆိုင်သော လုပ်ငန်းများမှ ဝင်ငွေ (စိုက်ပျိုးရေးနှင့်မသက်ဆိုင်သည့် ကိုယ်ပိုင်အလုပ်အကိုင်နှင့် စီးပွားရေး လုပ်ငန်းများ ပိုင်ဆိုင်မှုမှ ရရှိသော ဝင်ငွေ)၊ | ၂၀၁ (စိုက်ပျိုးရေး၊ သစ်တောလုပ်ငန်း၊ ငါးလုပ်ငန်း)၊ ၂၀၃ (စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးနှင့် ပြုလုပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်မှု)၊ ၂၀၄ (အထည်ချုပ်လုပ်ငန်း)၊ ၂၁၈ (လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်)၊ ၂၂၀ (ဆောက်လုပ်ရေး)၊ ၂၂၃ (လက်လီရောင်းဝယ်ရေး)၊ ၂၂၄ (သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်မှု)၊ ၂၂၆ (အစားအသောက်ဝန်ဆောင်မှု)၊ ၂၂၅ (တည်းခိုနေထိုင်ရေး)၊ ၂၃၁ (အိမ်ခြံမြေလုပ်ငန်းများ)၊ ၂၃၈ (အနုပညာ၊ ဖျော်ဖြေရေး) နှင့် ၂၄၀ (အလုပ်ရှင်များအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စုလုပ်ငန်းများ)၊ | Brookings Institution (2021) မှ ရရှိနိုင် သော စာရွက်စာတမ်းများပေါ်တွင် အခြေခံသည့် ယူဆချက်တစ်ခု – ခြောက်လတာ လော့ဒေါင်းချထားမှုတွင် လော့ဒေါင်း ကာလအတွင်း လုပ်ခလစာများ အားလုံး ထိခိုက်ပြီး ထိုနှစ်၏ ကျန်ရှိသော လများတွင် တစ်စိတ်တစ်ပိုင်း (၅၀%) သာ ထိခိုက်မည်ဖြစ်သည်။ |
| လွှဲပို့ငွေများ (အိမ်ထောင်စုဝင်မဟုတ်တော့သူများထံမှ လက်ခံရရှိသော ငွေများ) | | World Bank (2020) ၏ နောက်ဆုံး ခန့်မှန်းတန်ဖိုးများအရ တစ်နှစ်လျှင် ၂၀% လျော့ကျသွားမည်။ |
| ကောက်ပဲသီးနှံများ/ စိုက်ပျိုးရေး/ ရေသတ္တဝါမွေးမြူထုတ်လုပ်ရေး (ကောက်ပဲသီးနှံစိုက်ပျိုးခြင်း၊ သစ်တောလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူခြင်း၊ ငါးဖမ်းခြင်းနှင့် အခြားရေသတ္တဝါ မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေများ) | | HVS 2020 စစ်တမ်းမှ တွေ့ရှိချက်များအရ ၈.၄% ကျဆင်းသွားမည်။ |
| အခြားဝင်ငွေ (မြေငှားခ၊ အစိုးရထောက်ပံ့ကြေးနှင့် လူမှုရေး ထောက်ပံ့ငွေများ) | | သက်ရောက်မှုမရှိ၊ |

## ဇယား (က-၂) ဝင်ငွေအပြောင်းအလဲဖြစ်မှုများ၊ ဘဝအခြေအနေအမျိုးမျိုးတွင် သုံးစွဲမှုအား စုဆောင်းငွေများ၊ အခြားနည်းလမ်းများနှင့် ချိန်ညှိ၍ နေထိုင်မှုအဆင့်အတန်းကို တတ်နိုင်သမျှအကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်မှု (consumption smoothing) ဆိုင်ရာ သုတေသနစာတမ်းများအား လေ့လာသုံးသပ်မှု

| | ရေးသားသူ | Dataset(များ) | သုတေသနမေးခွန်းများ/ အသုံးပြုသော နည်းစနစ် | တွေ့ရှိချက်များ |
|---|---|---|---|---|
| ၁ | Gruber (1997) | 1968–1987 PSID | ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသော ဝင်ငွေအပြောင်းအလဲနှင့် ကြိုတင်ခန့်မှန်းနိုင်သော ဝင်ငွေ အပြောင်းအလဲများအဖြစ် အလုပ်လက်မဲ့ဖြစ်ခြင်း၏ စားသုံးမှုအပေါ် သက်ရောက်မှု ကို လေ့လာခြင်း၊ | ကြိုတင်မျှော်မှန်းထားခြင်းမရှိဘဲ အလုပ် ရပ်ဆိုင်းခံရမှုများအတွက် အလုပ်လက်မဲ့ အာမခံသည် consumption smoothing အတွက် ကြီးမားသော သက်ရောက်မှု ရှိပါသည်။ (ဝန်ထမ်း ရရှိသည့် နှစ်စဉ်လစာ၏ ရာခိုင်နှုန်းအဖြစ် ဖော်ပြသော) ပင်စင်လစာနှုန်း (replacement rate) ၁၀% မြင့်တက်လာခြင်းသည် အလုပ် လက်မဲ့ဖြစ်သွားချိန်တွင် စားသုံးမှုကျဆင်းခြင်း ၃% လျော့နည်းသွားပါသည်။ |
| 2 | Browning &Crossley (2001) | 1993 Canadian Out of Employment Panel (COEP) | ကနေဒါနိုင်ငံ အလုပ်လက်မဲ့ အာမခံ (UI) စနစ်ဆိုင်ရာ ဥပဒေ ပြင်ဆင်ပြောင်းလဲမှုများပေါ်တွင် အခြေခံ၍ အလုပ်လက်မဲ့ ဖြစ်ခြင်းကြောင့် မမျှော်လင့်ဘဲ ဝင်ငွေ အပြောင်းအလဲ ဖြစ်ခြင်း၏ စားသုံးမှုအပေါ် သက်ရောက်မှုကို လေ့လာခြင်း၊ | UI အကျိုးခံစားခွင့်အပေါ် အသုံးစရိတ်၏ တုံ့ပြန်နိုင်မှုအတိုင်းအတာ (Elasticity of expenditure) သည် ၅% ရှိသည်။ ပိုင်ဆိုင်မှု နည်းပါးသူများအတွက် တုံ့ပြန်နိုင်မှု အတိုင်း အတာများ (Elasticities) သည် ၂၀% အထိ မြင့်မားပါသည် (ငွေဖြစ်လွယ်မှုအတွက် ကန့်သတ်ချက်များ ရှိနေသည့်အဖြစ်နှင့် ကိုက်ညီမှု ရှိပါသည်)။ |
| 3 | Stephens (2001) | 1968–92 PSID | အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် မသန်စွမ်းဖြစ်ခြင်းတို့ ကြောင့် ရေရှည်ရရှိနိုင်မည့် ဝင်ငွေအပြောင်းအလဲ၏ စားသုံးမှုအပေါ် သက်ရောက်မှု အား လေ့လာခြင်း၊ | စားသုံးမှုပြောင်းလဲသည့် ရာခိုင်နှုန်းသည် ဝင်ငွေပြောင်းလဲမှု ရာခိုင်နှုန်းထက် ပိုနည်းပြီး အထူးသဖြင့် ဝင်ငွေအပြောင်းအလဲ ဖြစ်သည့်အချိန်တွင် ပိုမှန်ပါသည်။ နေရပ်စွန့်ခွာသော အိမ်ထောင်စုများ၏ အလုပ်ကိုင်ဆုံးရှုံးနိုင်ခြေ မြင့်မားလာမှုအား တုံ့ပြန်ပုံမှာ အလုပ်အကိုင် မဆုံးရှုံးမီ စားသုံးမှုကို လျှော့ချခြင်းဖြစ်ပါသည်။ |
| 4 | Gertler & Gruber (2003) | Indonesian Resource mobilization study တွင် စုဆောင်း ကောက်ယူခဲ့သည့် ၁၉၉၁၊ ၁၉၉၃ panel data များ | ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နာမကျန်း ဖြစ်ခြင်းကြောင့် ဝင်ငွေအပြောင်း အလဲဖြစ်ခြင်း၏ စားသုံးမှုအပေါ် သက်ရောက်မှုအား လေ့လာခြင်း၊ | ဝင်ငွေအပြောင်းအလဲဖြစ်ခြင်း၏ ရလဒ်အဖြစ် ဝင်ငွေတစ်ယူနစ် လျော့သွားတိုင်း စားသုံးမှု ၀.၃၅ ယူနစ် လျော့သွားပါသည်။ သာမန် ဖျားနာမှုများ (ခဏတာကြုံတွေ့ရသည့် ဘေးဒုက္ခဟု အဓိပ္ပါယ်ကောက်ယူနိုင်) ၏ သက်ရောက်မှုကို လူများက ကောင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ပါသည်။ သို့သော် ရောဂါကြီးများ (ရေရှည်ကြုံတွေ့ရမည့် ဘေးဒုက္ခ) ကိုမူ ဖြေရှင်းနိုင်စွမ်း ပိုနည်းပါသည်။ |

| | ရေးသားသူ | Dataset(များ) | သုတေသနမေးခွန်းများ/ အသုံးပြုသော နည်းစနစ် | တွေ့ရှိချက်များ |
|---|---|---|---|---|
| 5 | Agarwal and Qian (2004) | စားသုံးသူများ၏ ငွေကြေး လွှဲပြောင်းမှု များဆိုင်ရာ panel data များ | မျှော်လင့်မထားသော ဝင်ငွေ အပြောင်းအလဲများအပေါ် စားသုံးမှုနှင့် ကြွေးမြီတို့၏ တုံ့ပြန်မှု | ငွေဖြစ်လွယ်သည့် ပိုင်ဆိုင်ပစ္စည်း နည်းပါး သူများ သို့မဟုတ် ကြွေးဝယ်ကတ် ကန့်သတ်ငွေပမာဏ (credit card limit) နည်းပါးသူများသည် မမျှော်လင့်ဘဲ ဝင်ငွေ အပြောင်းအလဲဖြစ်လာချိန်တွင် စားသုံးမှုကို သိသိသာသာ လျှော့ချကြပါသည်။ |
| 6 | Skoufias and Quisuming (2005) | ဘင်္ဂလားဒေ့ရှ်၊ အီသီယိုးပီးယား၊ မာလီနှင့် ရုရှားမှ အိမ်ထောင်စုအဆင့် panel data များ | ရုတ်တရက်ပေါ်ပေါက်လာသော ဘေးဒုက္ခများ၏ စားသုံးမှုနှင့် ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်မှု၊ | လူအများအပြားကို တစ်ပြိုင်နက်တည်း ထိခိုက် စေသော ကပ်ဘေးအန္တရာယ်များ ကြုံတွေ့သော အခါတွင် အစားအစာ စားသုံးမှုသည် အစား အစာမဟုတ်သော အခြားပစ္စည်းများ သုံးစွဲမှုထက် ပို၍အာမခံချက်ရှိကြောင်း ဖြစ်ရပ် လေ့လာချက်များအားလုံးက ပြသနေပါသည်။ အစားအစာ စားသုံးမှုအပေါ် ဝင်ငွေအပြောင်း အလဲဖြစ်ခြင်း၏ သက်ရောက်မှုများကို တစ်စိတ်တစ်ပိုင်း သက်သာစေရန်နည်းလမ်းတစ်ခုအဖြစ် အစားအစာမဟုတ်သော အခြားပစ္စည်းများ သုံးစွဲမှုကို ပြောင်းလဲခြင်း ဖြစ်ဟန်တူပါသည်။ |
| 7 | Dercon et al. (2005) | ၁၉၉၉-၂၀၀၄ ခုနှစ်အတွင်း အီသီယိုးပီးယား ကျေးရွာ ၁၅ ရွာမှ အချက်အလက်များ | စာတမ်းရေးသားသူများက ဘေး ဒုက္ခအမျိုးမျိုး ၏ စားသုံးမှုအပေါ် သက်ရောက်မှုအား လေ့လာ ဆန်းစစ်ပါသည်။ | မိုးခေါင်ရေရှားခြင်း၊ ရောဂါဖြစ်ခြင်းတို့နှင့် ဆက်နွယ်သော ဝင်ငွေအပြောင်းအလဲများသည် အိမ်ထောင်စုများ၏ တစ်ဦးချင်းစားသုံးမှုကို ၂၀% နှင့် ၉% ခန့် အသီးသီး ကျဆင်းသွားစေ ကြောင်း စာတမ်းရေးသူများမှ တွေ့ရှိခဲ့သည်။ ထိုဘေးဒုက္ခအန္တရာယ်များ၏ သက်ရောက်မှု သည် ကာလရှည်ကြာပြီး လွန်ခဲ့သော ၂.၅ နှစ်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည့်တိုင် စားသုံးမှုကို ထိခိုက်ဆဲ ဖြစ်ပါသည်။ |
| 8 | Yang and Choi (2007) | ဖိလစ်ပိုင်မှ ချိတ်ဆက် ကောက်ယူသော အိမ်ထောင်စုစစ်တမ်း များမှ အချက် အလက်များ၊ | ဝင်ငွေအပြောင်းအလဲများကို ခုသာ ခံသာရှိစေရန် လွှဲပို့ငွေများအား အသုံးပြုမှုကို လေ့လာခြင်း၊ | အကြမ်းဖျင်းအားဖြင့် အိမ်ထောင်စု ဝင်ငွေ ကျဆင်းမှု၏ ၆၀% ခန့်ကို နိုင်ငံရပ်ခြားမှ စီးဝင်လာသော လွှဲပို့ငွေများဖြင့် အစားထိုး ပါသည်။ ဝင်ငွေအပြောင်းအလဲများ ဖြစ်ပေါ်ချိန်တွင် ရွှေ့ပြောင်းလုပ်သားရှိသော အိမ်ထောင်စုများ၏ စားသုံးမှုသည် ပြောင်းလဲခြင်း မရှိသော်လည်း ရွှေ့ပြောင်း လုပ်သားမရှိသော အိမ်ထောင်စုများတွင် ဝင်ငွေအပြောင်းအလဲကြောင့် စားသုံးမှု အပြောင်းအလဲ ဖြစ်ခြင်းသည် ပြင်းထန် ပါသည်။ |

| | ရေးသားသူ | Dataset(များ) | သုတေသနမေးခွန်းများ/ အသုံးပြုသော နည်းစနစ် | တွေ့ရှိချက်များ |
|---|---|---|---|---|
| 9 | Chen et al (2013) | UHIES from 1992–2003 | ဝင်ငွေအပြောင်းအလဲများ၏ စားသုံးမှုပုံစံများအပေါ် သက်ရောက်မှု၊ | ၁၉၉၀ ပြည့်လွန်နှစ်များ၏ အစပိုင်းတွင် ဝင်ငွေ ၁% ပြောင်းလဲပါက စားသုံးမှု ဝ.၆% ပြောင်းလဲပါသည်။ နောက်ပိုင်းနှစ်များအတွင်းတွင် အိမ်ထောင်စုများ၏ စားသုံးမှုကို များစွာ ပြောင်းလဲခြင်းမရှိအောင် ထိန်းထားနိုင်စွမ်း တိုးတက်လာပါသည်။ ဘေးဒုက္ခတစ်ခုနှင့် ကြုံတွေ့ရချိန်တွင် အိမ်ထောင်စုများသည် စားသုံးမှုကို ထိန်းထားနိုင်ရန် တာရှည်ခံ ပစ္စည်းများသုံးစွဲမှုကို ဦးစွာ လျှော့ချကြပါသည်။ |
| 10 | Bruckner and Gradstein (2013) | ၁၉၈၀–၂၀၀၉ ကာလအတွင်း SSA နိုင်ငံ ၃၉ နိုင်ငံမှ Panel data များ၊ | ဆင်းရဲနွမ်းပါးသော နိုင်ငံများတွင် ကုန်ထွက် စုစုပေါင်း (Aggregate Output) ယာယီပြောင်းလဲခြင်း၏ စားသုံးမှုအပေါ် သက်ရောက်မှုများကို လေ့လာခြင်း၊ | စာတမ်းရေးသားသူများ၏ ခန့်မှန်းချက်များအရ ယာယီကုန်ထွက်မှ ရရှိသည့် ဝင်ငွေပေါ်တွင် ပြန်လည်သုံးစွဲမှု အချိုးအစား (marginal propensity to consume) ဝ.၂ ခန့် ရှိကြောင်း တွေ့ရှိ ရသည်။ |
| 11 | Cui and Huang (2017) | တရုတ်နိုင်ငံ ကျေးလက်ဒေသမှ အိမ်ထောင်စု စစ်တမ်းများ | တရုတ်နိုင်ငံ ကျေးလက် ဒေသများတွင် ဝင်ငွေ/ အသုံးစရိတ် အပြောင်းအလဲ များအပေါ် အစားအစာအတွက် သုံးစွဲသည့် စရိတ်များ၏ တုံ့ပြန်ပြောင်းလဲပုံများအား လေ့လာခြင်း၊ | ကြီးမားသည့် ဝင်ငွေဆုံးရှုံးမှုများသည် အစား အစာအတွက် အသုံးစရိတ်များကို ၂၅-၃၀% လျှော့နည်းစေပါသည်။ ထို့ပြင် ဝင်ငွေနည်း အိမ်ထောင်စုများတွင် အစားအစာအတွက် အသုံးစရိတ်များသည် ကြီးမားသည့် ဝင်ငွေ ဆုံးရှုံးမှုများကို များစွာ ပို၍ အကဲဆတ်ပါသည်။ |

## ဇယား (က-၃) ရေရှည်တွင် ရရှိနိုင်မည့် ပျမ်းမျှဝင်ငွေဆိုင်ရာ သီအိုရီနှင့် စပ်လျဉ်းသော သုတေသနစာတမ်းများအား လေ့လာသုံးသပ်ခြင်း

| | Author | Dataset(s) | Research questions/ methodology | Findings |
|---|---|---|---|---|
| 1 | Cashin and Unayama (2016) | ဂျပန်မိသားစုဝင်ငွေနှင့် အသုံးစရိတ် စစ်တမ်း (JFIES) | ဂျပန်တွင် မမျှော်လင့်ဘဲ ဘေးဒုက္ခတစ်ခုကျရောက်သောအခါ VAT တိုးလာမှု၊ စောင့်ကြည့်လေ့လာမှု နည်းလမ်းတစ်ခုဖြစ်သည့် Natural experiment ကို ပြုလုပ်၊ | ဝင်ငွေအပြောင်းအလဲကို ကြေညာလိုက်သောအခါ စားသုံးမှုသည် အချိုးညီစွာ ကျဆင်းသဖြင့် permanent income hypothesis ကို ခိုင်မာမှု ရရှိစေသည်။ |
| 2 | Kruger and Perri (2012) | ၁၉၈၇ မှ ၂၀၀၈ အထိ အီတလီနိုင်ငံ အိမ်ထောင်စု ဝင်ငွေနှင့် ကြွယ်ဝမှု စစ်တမ်း၊ | ဝင်ငွေအပြောင်းအလဲ (လုပ်ခလစာ)နှင့် ပိုင်ဆိုင်မှု အပြောင်းအလဲ (ဥပမာ အိမ်ဈေးနှုန်းနှင့် စီးပွားရေးလုပ်ငန်းများ) ၏ သက်ရောက်မှုကို လေ့လာခြင်း၊ | ကြွယ်ဝမှုဆိုင်ရာ အပြောင်းအလဲများသည် ဝင်ငွေ အပြောင်းအလဲထက်စာလျှင် အိမ်ထောင်စု စားသုံးမှုအပေါ် များစွာ ပို၍ ကြီးမားပြီး ကာလရှည်ကြာသော သက်ရောက်မှုကို ဖြစ်စေပါသည်။ |
| 3 | Japelli and Pistaferri (2020) | အီတလီနိုင်ငံ အိမ်ထောင်စုဝင်ငွေနှင့် ကြွယ်ဝမှု စစ်တမ်းများ (SHIW) | ရေရှည်သက်ရောက်သော ဘေးဒုက္ခများ၏ အိမ်ထောင်စု စားသုံးမှုအပေါ် သက်ရောက်မှု၊ စာတမ်းရေးသားသူများက IV (instrumental variable) နည်းစနစ်ကို အားထားအသုံးပြုခဲ့သည်။ | ဝင်ငွေရေရှည် အပြောင်းအလဲ ဖြစ်စေသော ဘေးဒုက္ခများကို တုံ့ပြန်မှုအဖြစ် အိမ်ထောင်စုများသည် ၎င်းတို့၏ ရည်မှန်းထားသည့် ကြွယ်ဝမှုများကို အချိုးညီစွာ ပြန်လည်ပြင်ဆင်လျှော့ချကြကြောင်း စာတမ်းရေးသူများ တွေ့ရှိခဲ့သည်။ |
| 4 | Cho et al (2019) | PSID နှင့် HILDA – US နှင့် ဩစတြေးလျအတွက် panel household budget survey များ | စာတမ်းရေးသူများက ရေရှည်ဝင်ငွေ အပြောင်းအလဲများကို ၎င်းတို့၏ လူမှုစီးပွား အခြေအနေနှင့် ကြွေးမြီပမာဏပေါ် မူတည်၍ အိမ်ထောင်စုများ၏ တုံ့ပြန်ပုံကို ဆန်းစစ်လေ့လာထားသည်။ | (ယာယီဖြစ်စေ၊ ရေရှည် ဖြစ်စေ) ဝင်ငွေအပြောင်းအလဲဖြစ်ခြင်းကို ကြွေးရှိသော အိမ်ထောင်စုများ၏ အကဲဆတ်မှုသည် ပို၍ မြင့်မားပါသည်။ ထိုနိုင်ငံ ၂ နိုင်ငံလုံးတွင် ပို၍ ချမ်းသာကြွယ်ဝသော အိမ်ထောင်စုများသည် ဝင်ငွေအပြောင်းအလဲဖြစ်သည့် ကာလများအတွင်းတွင် ၎င်းတို့၏ စားသုံးမှုကို ကျဆင်းမသွားအောင် ပို၍ လုပ်ဆောင်နိုင်ကြကြောင်း တွေ့ရသည်။ |
| 5 | Ludwig (2015) | PSID | ဝင်ငွေအဆင့်အားလုံးရှိ ရေရှည်နှင့် ယာယီ ဝင်ငွေ အပြောင်းအလဲများ၏ အိမ်ထောင်စု စားသုံးမှုအပေါ် သက်ရောက်မှု၊ | အိမ်ထောင်စုများသည် ပို၍ ဆင်းရဲနွမ်းပါးလေ၊ ဝင်ငွေအပြောင်းအလဲနှစ်မျိုးစလုံး (ရေရှည်နှင့် ယာယီ) အား တုံ့ပြန်ပုံ ဆင်တူလေဖြစ်သည်။ |
| 6 | Mckenzie (2006) | ၁၉၉၄ မှ ပီဆိုငွေကြေး အကျပ်အတည်း မတိုင်မီနှင့် ပြီးသည့်နောက် မက္ကဆီကိုနိုင်ငံအတွက် ENIGH စစ်တမ်းများ၊ | စာတမ်းရေးသူက အကျပ်အတည်းကာလ အတွင်းနှင့် အကျပ်အတည်း လွန်ကာလ အသင့်အတင့် တာရှည်ခံသော ပစ္စည်းများ (semi-durables) သုံးစွဲမှု ကျဆင်းသွားရခြင်း အကြောင်းရင်းများကို ဆန်းစစ်လေ့လာထားသည်။ | အိမ်ထောင်စုများက ထိုအခြေအနေကို ရေရှည်ဖြစ်ပွားမည်ဟု ရှုမြင်သောကြောင့် ၎င်းတို့၏ စားသုံးမှု/ သုံးစွဲမှုပုံစံများကို ပြင်ဆင်ခဲ့ကြသည်ဟု ရှင်းလင်း တင်ပြထားသည်။ |

# ဤစာတမ်းတွင် အသုံးပြုထားသော ဆင်းရဲနွမ်းပါးမှုအတိုင်းအတာများ

**ဆင်းရဲနွမ်းပါးသူရာခိုင်နှုန်း (Poverty headcount)** – ဤသည်မှာ ဆင်းရဲနွမ်းပါးသော လူဦးရေအချိုးအစား ဖြစ်ပါသည်။ ဆိုလိုသည်မှာ အရွယ်ရောက်သူတစ်ဦး နေ့စဉ်စားသုံးမှုနှင့် ညီမျှသော တန်ဖိုး 'y' သည် ဆင်းရဲနွမ်းပါးမှုမျဉ်း 'z' ထက် ပိုနည်းနေသော လူဦးရေအချိုးအစား ဖြစ်ပါသည်။ လူဦးရေအရွယ်အစားသည် 'n' ရှိပြီး ထိုအထဲတွင် လူပေါင်း 'q' သည် ဆင်းရဲနွမ်းပါးသူများ ဖြစ်ပါက ဆင်းရဲနွမ်းပါးသူရာခိုင်နှုန်း (poverty headcount) သည် –

$$H = \frac{q}{n}$$

**ဆင်းရဲနွမ်းပါးမှု ကွာဟချက် (Poverty gap)** – ဆင်းရဲနွမ်းပါးမှု ကွာဟချက်သည် ဆင်းရဲနွမ်းပါးမှု၏ အတိမ်အနက်ကို ဖော်ပြပါသည်။ ယင်းသည် လူများသည် ဆင်းရဲနွမ်းပါးမှုမျဉ်းမှ ပျမ်းမျှအားဖြင့် မည်မျှအကွာတွင်ရှိကြောင်း ပြသသည့်ပျမ်းမျှအကွာအဝေးဖြစ်ပြီး မဆင်းရဲသူများ၏ ဆင်းရဲနွမ်းပါးမှုမျဉ်းမှ အကွာအဝေးသည် သုည ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုကွာဟချက်သည် နိုင်ငံလူဦးရေတစ်ခုလုံး၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ လိုငွေပြမှု (poverty deficit) ကို တိုင်းတာသည့် အတိုင်းအတာတစ်ခုဖြစ်သည်။ "ဆင်းရဲနွမ်းပါးမှုဆိုင်ရာ လိုငွေပြမှု (poverty deficit)" ဟူသည့် အယူအဆတွင် ဆင်းရဲနွမ်းပါးသူများအားလုံးကို ဆင်းရဲတွင်းမှ ဆွဲတင်နိုင်ရန်အတွက် ဆင်းရဲနွမ်းပါးသူများကိုသာ သီးသန့်ရွေးချယ်၍ ငွေကြေးထောက်ပံ့ပေးနိုင်ရန် လိုအပ်မည့် အရင်းအမြစ်များကို ထည့်သွင်းစဉ်းစားထားခြင်း ဖြစ်သည်။ ယင်းအား အောက်ပါအတိုင်း တွက်ချက်နိုင်ပါသည် –

$$PG = \frac{1}{n}\sum_{i=1}^{q}\left[\frac{z - y_i}{z}\right]$$

အထက်ပါ ညီမျှခြင်းတွင် yi သည် အိမ်ထောင်စု 'I' ၏ စားသုံးမှုဖြစ်ပြီး စုစုပေါင်းတန်ဖိုးသည် ဆင်းရဲနွမ်းပါးသည် အိမ်ထောင်စုများပေါ်တွင်သာ တွက်ချက်ထားပါသည် (သင့်လျော်သည့် အလေးပေးနှုန်းများဖြင့်)။ ဆင်းရဲနွမ်းပါးမှုကွာဟချက်သည် စားသုံးမှု (သို့မဟုတ် ဝင်ငွေ) ကွာဟမှု အချိုးနှင့် ဆင်းရဲနွမ်းပါးသူရာခိုင်နှုန်းအညွှန်းကိန်းတို့ မြှောက်လဒ်နှင့် ညီမျှသည်ဟု ရေးသားနိုင် ပါသည်။ စားသုံးမှု (သို့မဟုတ် ဝင်ငွေ) ကွာဟချက်အချိုးကို အောက်ပါအတိုင်း ဖွင့်ဆိုနိုင်ပါသည် –

$$PG = I * H$$

$$I = \frac{z - y_q}{z}$$ တွင် yq သည် ဆင်းရဲနွမ်းပါးသူများ၏ ပျမ်းမျှ စားသုံးမှု ဖြစ်ပါသည်။ $$y_q = \frac{1}{q}\sum_{i=1}^{q} y_i$$

**ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်**
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန် ၁၁၂၁၁၊ မြန်မာ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖုန်း – +၉၅(၁) ၅၄၂၉၁၀ မှ ၁၉ အထိ
ဖက်စ် – +၉၅ (၁) ၅၄၄ ၅၃၁
အီးမေးလ် – registry.mm@undp.org
www.mm.undp.org
UNDP Myanmar
UNDP_Myanmar